


# CBCM Herald

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၈၀၈

စီဘီစီအမ် သတင်း

(၁၅)ရက်၊ ဇူလိုင်လ၊ ၂၀၁၆ ခုနှစ်။

အတွဲ(၁)၊ အမှတ်(၆)









**အော့သဒေါ့ခရစ်ယာန်များ....စာ(၇)**

**ဆရာတော်ကြီးရေမွန်စောဖိုးရေနှင့်အင်တာဗျူး....(၁၁)**

## ဇူလိုင်လအတွက်ပုပ်ရဟန်းမင်းကြီး၏ရည်ရွယ်ချက်

- မိမိ၏ဂုဏ်သိက္ခာနှင့် တည်ရှိခြင်းတို့ကို ဖိနှိပ်ချုပ်ချယ်ခြင်းခံရသော တိုင်းရင်း သားများ ထိုက်တန်သော၊လုံလောက်သောလေးစားမှုများ ရရှိရန်။
- လာတင်းအာဖရိကနှင့် ကာရီဘင်တို့သည် ပင်မဥရောပတိုက်၌စိတ်အားထက် သန်စွာဖြင့် ဧဝံဂေလိသတင်းကောင်းကို ဟောပြောသက်သေခံနိုင်ရန်။

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွှိစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဂီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရိုစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဇေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဗိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

# မိသားစုရေးရာ

C.B.C.M မိသားစုကော်မရှင် မိသားစု မဂ္ဂဇင်း ထုတ်လိုပါ၍ အိမ်ထောင်သက် (၂၅)နှစ် နှင့် ကျော်လွန်သော ကက်သလစ် အိမ်ထောင်ရှင်များ မိမိတို့၏ မိသားစု ဓါတ်ပုံနှင့် မိသားစု သမိုင်းအကျဉ်းချုပ် အနည်းငယ်ရေးသား ပေးပို့ ပေးကြပါ ရန် မေတ္တာရပ်ခံလိုပါသည်။ ရည်ရွယ်ချက်မှာ နောင်လာနောင် သား အိမ်ထောင်ရှင်များအတွက် ပုံသက် သေကောင်းဆောင်နိုင်ရန် ဖြစ်ပါသည်။

**ဘုန်းတော်ကြီးဗစ်တာ ဉာဏ်မြင့်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ မိသားစုကော်မရှင်**
**၂၉၂(က)၊ပြည်လမ်း၊စမ်းချောင်း၊ရန်ကုန်။**
**ကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်**

# အယ်ဒီတာ့အာဘော်

## စစ်မှန်သော ချစ်ခြင်းမေတ္တာ

မိမိ၏ မိတ်ဆွေများအဖို့ မိမိ၏အသက်ကိုစွန့်လွှတ်သော ချစ်ခြင်းမေတ္တာထက် ပို၍ကြီးမြတ်သည့် ချစ်ခြင်းမေတ္တာမျိုး အဘယ်သူတွင်မျှမရှိ။ (ရှင်ယောဟန် ၁၅း၁၃)

လူ့သမိုင်းတလျှောက်တွင် ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူ၊ ရက်ရောစွာပေးကမ်းသူနှင့် ရသမျှယူသော လောဘကြီးသူစသဖြင့် ဆန့်ကျင်ဘက်လူသားများရှိသည်။ သို့သော် အသေချာဆုံးသော အမှန်တရားတစ်ခုမှာ လူ့သမိုင်းသည် အသက်ရှင်နေထိုင်စဉ်ကာလ တစ်ခုတည်းမဟုတ်ပါ။ လောဘတရား၏တွန်းအားများဖြင့် ကောက်ကျစ်စွာ ရှင်သန်သူတို့၏ သမိုင်းသည် မည်သည့်အခါမျှ မလှပနိုင်ပါ။ စွန့်လွှတ်စွန့်စားရဲသူတို့သည်လည်း အရှုံးသမားများ မဟုတ်ကြပါ။ လူတစ်ဦး၏ ဘဝအသက်တာကို အချိန်ကာလအပိုင်းအခြားလေးဖြင့်သာ တန်ဘိုးမဖြတ်နိုင်ပါ။ လူသည် ထာဝရရှင်သန်ရန် ဘုရားသခင်စီမံထားပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးသောအခါ ပြီးသွားပြီဟုမှတ်ထင်ခဲ့ကြမည်။ သို့သော် မြန်မာပြည်က ဗိုလ်ချုပ်တို့အား ယနေ့တိုင် မမေ့နိုင်ဘဲ အမှတ်ရနေဆဲပင်ဖြစ်သည်။ ရုပ်ခန္ဓာအားဖြင့်ကျဆုံးသွားပြီဟုဆိုရသော်လည်း သူတို့သည် ယနေ့တိုင်ရှင်သန်နေဆဲဖြစ်သည်။

ချစ်ခြင်းမေတ္တာသည် သေခြင်းတရားထက် များစွာသာလွန် ခွန်အားရှိသည်။ ထာဝရ ရှင်သန်ခြင်းအတွက် လိုအပ်သည့်အရာမှာ ချစ်ခြင်းမေတ္တာဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် နှလုံးသားတွင်း၌ လှောင်ပိတ်ထားခံရသည့် ခံစားချက်တစ်ခုမဟုတ်ပါ။ ချစ်ခြင်းမေတ္တာ၏ သဘောမှာ ပြင်ပသို့သာ ဦးတည်ရွေ့လျားသည်။ ကိုယ်ကျိုးမရှာဘဲ အများအတွက်သာ ပေးဆပ်ခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် သေခြင်းတရားထက် ပိုမိုခွန်အားရှိသည်ဆိုသည့် စကားအတိုင်း မေတ္တာတရားဖြင့် ရှင်သန်သူတို့သည် မည်သည့်အခါမျှ သေဆုံးမည်မဟုတ်ပါ။ သေခြင်းတရားသည် မေတ္တာတရားကို ချေဖျက်နိုင်စွမ်းမရှိပါ။

အတ္တ၏သားကောင်များ လောဘ၏ကျေးကျွန်များသည် သေခြင်း၌သွားလာလှုပ်ရှားနေသူများဟုသမုတ်ရပါလိမ့်မည်။ အချိန်တိုအတွင်း ကြီးပွါးနေသူများ၊ ချမ်းသာနေသူများဖြစ်သည်။ အဆုံးဆိုသော အချိန်ကာလတစ်ခုကို ထိုသူတို့ အမှန်တကယ်ရင်ဆိုင်ကြရလိမ့်မည်။

တစ်ပါးသူအတွက်နေထိုင်သောအသက်တာသည် အကောင်းဆုံးရှင်သန်နေထိုင်သောအသက်တာဖြစ်သည် ဟူသောဆိုရိုးစကားသည် မှန်သော စကားဖြစ်ကြောင်း ကျွန်ုပ်တို့ ကျင်းပနေသော အာဇာနည်နေ့က သက်သေ ပြနေပါသည်။ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်သူတို့သည် အများ၏ နှလုံးသားတွင် အမှန်စင်စစ် ထာဝရရှင်သန်နေမည်သာဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် အသက်ကိုစွန့်သည်အထိ တစ်ပါးသူအား ချစ်ရဲသူများ ဖြစ်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ (အယ်ဒီတာချုပ်)

# ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင်အထူးသဖြင့်online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

## စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- စာစောင်ကို မိမိတို့ နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးများနှင့် parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (အယ်ဒီတာချုပ်)

# အမှားပြင်ဆင်ခြင်း

CBCM-Heraldသတင်းစာစောင်အတွဲ(၁)၊အမှတ်(၅)၏စာမျက်နှာ(၉)ကော်လံ(၃)တွင် **ခရစ်ယာန်ဂိုဏ်းများ စည်းလုံးရေးကော်မရှင်** အောက်၌ "Rev. Mahn Palmerston ကို MCC ၏လာမည့်(၄)နှစ်အတွက်အတွင်းရေးမှူး အဖြစ် Rev Saw Shwe Lin က ဆက်ခံမည်ဖြစ်ကြောင်းပြော ကြားခဲ့သည်" ဟူသောစာကြောင်းကို "Rev. Mahn Palmerston က MCC ၏ လာမည့်(၄)နှစ်အတွက်အတွင်းရေးမှူး အဖြစ် Rev Saw Shwe Lin ကို ဆက်ခံမည်ဖြစ်ကြောင်းပြောကြားခဲ့သည်" ဟု ပြန်လည် ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (အက်ဒီတာချုပ်)

# စိန်ပီတာနှင့်စိန်ပေါလ် (ယုံကြည်ခြင်းမှတ်ကျောက်နှစ်တိုင်)

ဗာတီကန်(၂၉၊ ၆၊ ၂၀၁၆)

အသင်းတော်ကြီးသည် စိန်ပီတာနှင့်စိန်ပေါလ်တို့၏ ယုံကြည်ခြင်းကိုအခြေခံ၍ တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ ထိုတမန်တော်ကြီး နှစ်ပါးသည်ဂျေရုဇလင်မြို့မှဖြစ်ကြောင်း၊ ပွဲနေ့ကို ဇွန်လ(၂၉)တွင်ကျင်းပလေ့ရှိခဲ့ပါသည်။ မွန်းတည့်ချိန် အန်ဂျေလူးမေတ္တာဆိုစဉ် ပုပ်ရဟန်းမင်းကြီးက ဤတမန်တော်ကြီးနှစ်ပါးသည် ယုံကြည်သူများ၏ နှလုံးသားတိုင်းတွင် မှတ်တိုင်ကြီးနှင့်အလင်းတန်းကြီးနှစ်ခု အဖြစ်လက်ခံယုံကြည်ကြကြောင်း၊ တမန်တော်ကြီးပေထရူးသည် တံငါသည်ဖြစ်ပြီး၊တမန်တော်ကြီးပေါလ်လုမှာ ထက်မြက်သောပညာတတ်တစ်ဦးဖြစ်ကြောင်း၊ သူတို့သည်ခရစ္စတီယာန်ဝိညာဉ်ရေးတွင်အဓိကနှင့် အခြေခံကျသောယုံ ကြည်ခြင်း အမွေပေးသူများဖြစ်သည်ဟုပုပ်ဖရန်စစ်ကမိန့်ကြားခဲ့ပါသည်။ တမန်တော် နှစ်ပါးစလုံးသည် လူသားများ အလယ်၌ ဧဝံဂေလိသတင်းကောင်းကို သက်သေခံနိုင်ရန်နှင့် ဓမ္မအာဇာနည်စိတ်ဓာတ်အပြည့်ဖြင့် ယုံကြည်ခြင်းနှင့် ချစ်ခြင်း၏တမန် တော်လုပ်ငန်းကိုလုပ်ဆောင် ဖြည့်စွက်ရန် ရောမမြို့သို့လာခဲ့ခြင်းဖြစ်ကြောင်း၊ယခုအခါတွင်လည်း တမန်တော် ကြီးပေထရူး နှင့် ပေါလ်လူးတို့သည် ကျွန်ုပ်တို့၏ အလယ်တွင် သိသာထင်ရှားသောနည်းများဖြင့်ပြန်လာနေပါကြောင်း၊ 'ဒီမြို့ရဲ့လမ်းတစ်လမ်းလုံးမှာ သူတို့သွားလာနေပါသေးတယ်။ ကျွန်ုပ်တို့ တစ်ဦးစီရဲ့အိမ်တံခါးအထူးသဖြင့်နှလုံးသားတံခါးတွေကိုခေါက်လျှက် ခရစ်တော်ရဲ့ချစ်ခြင်း၊နှစ်သိမ့်ခြင်း၊ငြိမ်းချမ်းခြင်းတွေ ကိုပေးဝေဖို့ရှိနေပါသေးတယ် ဒါကြောင့် သူတို့ကို ကြိုဆိုကြပါစို့' ဟူ၍လည်း အရှင်သူမြတ်ဖရန်စစ်က ထပ်မံမိန့်ကြား ခဲ့သည်။

ထို့နောက် အရှင်သူမြတ်က မက်ထရိုပိုလီတန်(Metropolitan)၏ဂိုဏ်းချုပ်ဆရာတော်ကြီးများအတွက်(Pallium) ကို ကောင်းကြီးပေးခဲ့သည်။ သူတို့နှင့် သူတို့၏ မိသားစုဝင်များအား အထူးနှုတ်ခွန်းဆက်ကာ 'ဧဝံဂေလိ သတင်းကောင်း ပြန့်ပွားရန် အစေခံလုပ်ဆောင်ရာ၌ ဝမ်းမြောက်ရွှင်လန်းခြင်းနှင့် လုပ်ဆောင်ပါ၊ အသင်းတော်ကြီးတစ်ခုလုံး အထူးသဖြင့် ရှင်ပေထရူး၏ အရိုက်အရာကိုဆက်ခံသူနှင့် တစ်လုံးတဝတည်း ရှိနေပါစေ' ဟု Pallium အတွင်းပါရှိသည့် သင်္ကေတနှင့် အတူ အားပေးစကားမိန့်ကြားခဲ့သည်။ ပုပ်ဖရန်စစ်က ညီအစ်ကိုအသင်းတော်၏ ရဟန်းအမတ်ဖြစ်သော Bartholo-mew ကို စေလွှတ်ပေးကာ အခမ်းအနားတွင် ပါဝင်ပေးနိုင်ခြင်းအတွက် ဝမ်းသာပါကြောင်းနှင့်လှိုက်လှဲစွာကြိုဆိုခဲ့ပါသည်။ သူကိုယ်တိုင်ရှိနေခြင်းသည် ကျွန်ုပ်တို့အသင်းတော်အချင်းချင်းရင်းနှီးစွာအတူပေါင်းစည်းရှိနေခြင်း၏သင်္ကေတတစ်ခုဖြစ်သည် ဟု ဆိုခဲ့သည်။ ထို့ကြောင့် စည်းလုံးခြင်း နှင့် အတူတကွ ဝေမျှသက်သေခံခြင်း၏ ခွန်အားဖြည့် တင်းမှုတို့ဖြင့် ဆက်လက်လုပ်ဆောင်နိုင်ရန် ဆုတောင်းကြပါစို့ဟုမိန့်ကြားခဲ့သည်။



ထို့နောက်ပုပ်ရဟန်းမင်းကြီးက ကမ္ဘာကြီး တစ်ခုလုံးနှင့်အထူးသဖြင့်ရောမမြို့တော်ကို အမိမယ်တော်၏ လက်တော်၌ အပ်နှံပေးခဲ့သည်။ မိမိတို့၏ ဝိညာဉ်ရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အဖိုးတန်အရင်းအမြစ်ကို အမြဲပြန်လည်သုံးသပ်လျှက် မိမိတို့၏ လူမှုရေးဘဝ၊ အီတလီ၊ ဥရောပနှင့်ကမ္ဘာတစ်ဝှမ်းလုံးကို သာသနာပြုလုပ်ဆောင်နိုင်ရန်အတွက်ဖြစ်သည်။

အန်ဂျေလူးမေတ္တာ၌လည်း အရှင်သူမြတ်ဖရန်စစ်သည် တနင်္လာနေ့၏ ဆိုးဝါးသောအကြမ်းဖက် တိုက်ခိုက်မှု တစ်ခုဖြစ်ပွားခဲ့သော အိုင်စတန်ကူးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဒုက္ခသည်များနှင့် သူတို့၏ မိသားစုများအတွက် ဆုတောင်းပေးခဲ့ပါသည်။ ၎င်းအပြင် သနားစရာတူရကီလူမျိုးများနှင့် အကြမ်းဖက်သူတို့၏နှလုံးသားများ ပြောင်းလဲခြင်းရှိရန်အတွက်အထူးဆုတောင်းခဲ့သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့တစ်ဦးစီ၏နှလုံးသားကိုငြိမ်းချမ်းခြင်း ခရီးလမ်းစဉ်ထဲသို့ အမြဲခေါ်ဆောင်သွားပါစေဟူ၍လည်းဆုတောင်းခဲ့ပါသည်။ **(ဗာတီကန်ရေဒီယို)**

# လူထုပရိတ်သတ်ကြီးကပုပ်ရဟန်းမင်းကြီး

ဗာတီကန်(၃၀၊ ၆၊ ၂၀၁၆)



ယနေ့ကျွန်ုပ်တို့အားလုံးသည်မိမိ၏သြတပ္ပစိတ်ကို သေချာ လေးနက်စွာ ပြန်သုံးသပ်ရန် ဘုရားရှင်ကကျွန်ုပ်တို့ကို ဖိတ်ခေါ်နေပါသည်ဟု ပုပ်ရဟန်းမင်းကြီးက (၃၀၊ ၆၊ ၂၀၁၆)ကြာသပတေးနေ့တွင် ရောမမြို့၌ အထူးဂျူဘီလီပွဲတစ်ခု ကျင်းပသော ပရိတ်သတ်ကြီးအား မိန့်ကြားခဲ့သည်။ အဓိကပြောစရာတစ်ခုက သနားကြင်နာခြင်းဖြင့် လက်တွေ့ကျင့်ကြံနေထိုင်ခြင်းဖြစ်ပါသည်။ တပည့်တော်ကြီးရှင်ယာကုပ်၏သြဝါဒဖြစ်သော "လက်တွေ့လုပ်ဆောင်မှုမပါသောသနားကြင်နာခြင်းသည် အသေဖြစ်သည်"ဟူသော စာသားကို ကိုးကားလျှက် "သနားကြင်နာခြင်း ဆိုသည်မှာ ချဲ့ထွင်တင်စားပြောဆိုရန်မဟုတ်ဘဲ လက်တွေ့နေထိုင်ရန်ဖြစ်ကြောင်း" ပြောကြား သွားခဲ့သည်။ တဖန် မာတေဦး (၂၅း ၃၁)ကိုယူလျှက်သူတစ်ပါးအားသနားကြင်နာခြင်းရှိရမည့်အကြောင်းသုံးသပ်ပြောဆိုရာ၌ ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်တို့သည် သူတစ်ပါး၏ဝိညာဉ်ရေး၊ ကာယရေးရာလိုအပ်ချက်များကို မြင်တွေ့လျှက် အတတ်နိုင်ဆုံးနည်းလမ်းဖြင့် လက်တွေ့ဖြည့်စွက်နိုင်သောအခါမှသာလျှင် သနားကြင်နာခြင်းသည်အသက်ဝင်လာသည်။ သနားကြင်နာခြင်း၌ မြင်နိုင်သောမျက်စိ၊ ကြားနိုင်သောနားများနှင့် ကူညီဖေးမပေးရန် လက်တို့ရှိပါသည်ဟုဆိုခဲ့သည်။ တခါတရံ ကျွန်ုပ်တို့သည် ဆင်းရဲခြင်းအပြစ်အခြေအနေထဲ၌ ဖြတ်သန်းလျှက်ကျွန်ုပ်တို့ကို ၎င်းဆင်းရဲခြင်းက ဘာမှမထိတွေ့စေသကဲ့သို့ နေတတ်ကြပါသည်။ ဘာမှမဖြစ်သကဲ့သို့ ဆက်လက် နေထိုင်တတ်ကြပါသည်။ ၎င်းကကျွန်ုပ်တို့သတိမမူ မိလိုက်သောအခါတွင်မှာပင်ကျွန်ုပ်တို့ဟန်ဆောင်ကောင်းသော သူတော်ကောင်းယောင်ဆောင်သူများလုံးလုံးဖြစ်သွားစေခဲ့ပါသည် ဟုပုပ်ဖရန်စစ်က မိန့်ကြားခဲ့သည်။ ဆက်လက်ပြီးအရှင်သူမြတ်က မိမိတို့ဘဝထဲ၌ သနားကြင်နာမှုကိုခံစားရသောသူတို့သည် မိမိညီအစ်ကိုတို့၏ လိုအပ်ချက်ကို တွေ့မြင်သောအခါ မသနားဘဲ၊ မကူညီဘဲ မနေနိုင်ပါဟုမိန့်ကြားခဲ့သည်။သခင်ခရစ်တော်ကလည်း ထိုသူများကို တွေ့မြင်သောအခါ ရှောင်လွှဲမသွားရန် သွန်သင်ထားပါသည်။ ငါဆာလောင်သောအခါ သင်တို့သည် ငါ့အားစားစရာကိုပေး၏၊ ငါရေငတ်သောအခါ သင်တို့သည်ငါ့အားသောက်စရာကိုပေး၏၊ငါ့၌ဝတ်စရာမရှိသောအခါ သင်တို့သည်အဝတ်ပေး၏၊ စွန့်ပစ်ခံရသောအခါ၊ ဖျားနာသောအခါ၊ ထောင်ထဲ၌ရှိသောအခါ သင်တို့သည် ငါ့ကိုအလည်လာခဲ့၏ ဆိုသောစကားဖြင့် သွန်သင်ထားပါသည်။မိမိလောလောလတ်လတ်ပြီးခဲ့သောအာရ်မေးနီးယားသို့သွားရောက်ခဲ့သည့် တမန်တော်လုပ်ငန်းဆိုင်ရာခရီးစဉ်ကိုပြန်လည် ခြုံငုံသုံးသပ်လျှက် ရဟန်းမင်းကြီးက မိမိ၏ သြဝါဒကို အဆုံးသတ်ခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ္စတီယာန်ဘာသာရေးကို ဂရုစိုက်မြတ်နိုးရမည်။ မိမိအား ရင်းနှီးခြင်း၊ ငြိမ်းချမ်းခြင်းနှင့်လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသော အာရ်မေးနီးယားဝန်ကြီး Karekin၊ ကက်သလစ်ဘာသာဝင်များ၊ ရဟန်းအမတ်နှင့် ကက်သလစ်ဆရာ တော်ကြီးများကို ပုပ်ဖရန်စစ်က ကျေးဇူးတင်ခဲ့သည်။ နိဂုံးအနေဖြင့် ပုပ်ရဟန်းမင်းကြီးကခရစ္စတီယာန်တစ်ဦးအနေဖြင့် ကျွန်ုပ်တို့သည်မိမိတို့၏စည်းလုံးခြင်းကိုခွန်အားဖြည့်တင်းရန်နှင့် ခရစ်တော်သခင်၏ သတင်းကောင်းကို သက်သေခံဝေမျှရန်ခေါ်တော်မူခြင်းခံရပါသည်ဟုမိန့်ကြားခဲ့ပါသည်။ဗာတီကန်ရေဒီယို

# ရဟန်းမင်းကြီးဖရန့်စစ်၏အာရ်မေးနီးယားခရီးစဉ်

## (၁) အာရ်မေးနီးယားသို့ ချောမောစွာရောက်ရှိခြင်း



ရဟန်းမင်းကြီးစီးနင်းလိုက်ပါလာသောအဲအီတားလီအာသည် အာရ်မေးနီးယားနိုင်ငံ၏မြို့တော် Yerevan သို့ ဒေသစံတော်ချိန် (၂း၅၀)၊ ရောမစံတော်ချိန် (၁၂း၅၀)တွင် ချောမောစွာဆိုက်ရောက်ခဲ့ကာ နိုင်ငံတော် သမ္မတနှင့် ဘာသာရေးခေါင်းဆောင်များက လှိုက်လှဲပျူငှာစွာ ကြိုဆိုလက်ခံခဲ့ကြသည်။

ဤခရီးစဉ်ကိုဂရိသြသဒေါ့ခရစ်ယာန်၏ ဘာသာရေးခေါင်းဆောင်များ၊ အာရ်မေးနီးယားရှိ ကက်သလစ်ခရစ်ယာန်များနှင့် ဒေသခံအာဏာပိုင်တို့၏ ဖိတ်ကြားမှုဖြင့် ၂၀၁၆ခုနှစ်၊ ဧပြီလတွင် စီစဉ်ခဲ့ပါသည်။ အာရ်မေးနီးယားနိုင်ငံသည် ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ခဲ့သော ပထမဦးဆုံးနိုင်ငံလည်းဖြစ်ပါသည်။

## (၂) Tzitzernakaber တွင်ပြန်လည်အောက်မေ့ဆုတောင်းပွဲ

(၂၅၊ ၆၊ ၂၀၁၆) စနေနေ့တွင် Yeghern ၌ကျင်းပသောTzitzernakaber ပြန်လည်အောက်မေ့ခြင်း ဆုတောင်းပွဲ၌ ပုပ်ဖရန့်စစ်သည် သေလွန်သူများအတွက် အထူးဆိတ်ငြိမ်စွာ ဆုတောင်းခြင်းနှင့်အထွေထွေ ဆုတောင်းပေးခြင်းများဖြင့် ပါဝင်ပေးခဲ့သည်။ (၁၉၁၅) ခုနှစ် Ottoman Empire လက်အောက်တွင် အာရ်မေးနီးယားအများအပြားသေကြေခဲ့ရခြင်းကို ပြန်လည်အောက်မေ့ သတိယလျှက် ခရစ်ယာန်များအားလုံး စည်းလုံးညီညွတ်မှုကို ရှေးရှုသောဆုတောင်းပွဲတွင် ကောင်းကင်ဘုံ၌ မေတ္တာအပါအဝင် (ဟေဗြဲ ၁၀း၃၂-၃၆၊ ရှင်ယောဟန် ၁၄း၁-၁၃) ကျမ်းချက်နစ်ချက်တို့ဖြင့်ပြုလုပ်ကာ ပုပ်ရဟန်းမင်းကြီး၏ အထွေထွေဆုတောင်းခြင်းများလည်းပါဝင်ခဲ့သည်။ ထိုဆုတောင်းပွဲ၌ Pope Pius XI ၏ဆက်ခံမှုနောက်ပိုင်း ပုပ်ရဟန်းမင်းကြီးနှင့် သက်ဆိုင်သော





Gandolfo ရဲတိုက်ထဲ တွင် လက်ခံထားသောဒုက္ခသည်တို့၏မျိုးဆက်သစ် လူငယ်တစ်စုလည်း ပါဝင်ခဲ့သည်။ ဆုတောင်းပွဲ၏ အဆုံး၌ ပုပ်ရဟန်းမင်းကြီးက Tzitzernakaber၏ အောက်မေ့သတိရခြင်း ဆုတောင်းပွဲသို့ သွားရောက်ပါဝင်ခဲ့သော အထိမ်းအမှတ်အဖြစ် သစ်ပင်ကို ကောင်းကြီးပေးခြင်းနှင့် ရေသွန်းလောင်းပေးခဲ့သည်။

## (၃) ပုပ်ရဟန်းမင်းကြီးနှင့် အာရ်မေးနီးယားကက်သလစ်ခေါင်းဆောင်ကြီးများ



အမှတ်လက္ခဏာ တစ်ခုအဖြစ် ပုပ်ရဟန်းမင်းကြီးနှင့် အာရ်မေးနီးယားကက်သလစ် ခေါင်းဆောင်ကြီးတို့က အခြားနိုင်ငံများသို့ သွားရောက်နေထိုင်သော ဂျူးလူမျိုးများ ဆက်လက်ရှင်သန်ကြီးထွားရန်နှင့် ဘဝသစ်ကိုအဓိပ္ပာယ်ဖော်ဆောင်နိုင်ရန်အတွက် ရည်စူးလျှက်သစ်ပင်ကိုရေလောင်းခဲ့သည်။ အသင်းတော်နှစ်ခုစလုံး၏ ခေါင်းဆောင်ကြီးများသည် ခရစ်ယာန်များ စည်းလုံးညီညွတ်ရေးကို ရှေးရှုသော ဆုတောင်းပွဲအပြီး၌ ရေခရားများကိုကိုင်ဆောင်၍ ရာရီဘင်၏ ငြိမ်းချမ်းရေးနှင့် ကမ္ဘာအနှံ့အပြားမှလာကြသောအာရ်မေးနီးယားမျိုးဆက်သစ်ကလေးများစွာခြံရံလျှက် နောသေဘော်ပုံဆင်ယင်ထားသောနေရာရှိသစ်ပင်ကိုရေလောင်းခဲ့ကြသည်။ ဒဏ္ဍာရီအရ အာရ်မေးနီးယားသည် ရေလွှမ်းမိုးပြီးနောက်ပိုင်း နောဧ၏သဘော်ဆိုက်ကပ်ခဲ့သော အာရာရတ်တောင်၏ အချက်အချာနေရာဖြစ်သည်။ (၁၉၀၀)ခုနှစ်အတွင်း Ottomas လူအများအပြားကို ရက်စက်စွာသတ်ဖြတ်ခြင်း၌ များစွာသော အာရ်မေးနီးယားခရစ်ယာန်များ မိမိတို့၏တိုင်းပြည်မှ ထွက်ခွာသွားခဲ့ကြသည်။ ပုပ်ရဟန်းမင်းကြီးဖရန့်စစ်က အာရ်မေးနီးယား၏ ကြီးမားသောပေးဆပ်ခြင်းအတွက် လေးစားပြီး (၁၉၁၅)ခုနှစ် လူအများအပြားကို ရက်စက်စွာသတ်ဖြတ်ခြင်းတွင် အသက်မသေကျန်ရှိသောသူများ၏မျိုးဆက်သစ်များကို နှုတ်ခွန်းဆက်ခဲ့သည်။ ဧည့်သည်တော်မှတ်တမ်း၌ ပုပ်ဖရန့်စစ်က "ကျွန်ုပ်၏စိတ်နှလုံးအတွင်း၌ ဝမ်းနည်းခြင်းနှင့်အတူ ထိုသို့ ကြေကွဲဆို့နစ်စရာကောင်းသော အဖြစ်အပျက်များ နောက်ထပ်မဖြစ်ပေါ်စေရန်၊ လူသားထုတစ်ရပ်လုံးသည် ထိုအဖြစ်အပျက်ကိုမေ့ပျောက်မသွားရန်နှင့် အဆိုးကိုအကောင်းဖြင့် မည်သို့တုံ့ပြန်ရမည်ကို သိရန်ဆုတောင်းပေးပါ၏။ ဘုရားရှင်သည် အာရ်မေးနီးယားလူမျိုးတို့၏ မှတ်တမ်းကို အမြဲကာကွယ်စောင့်ရှောက်ပါစေ၊ ထိုအဖြစ်အပျက်သည်မည်သို့မျှမေ့ပျောက်ပစ်၍ မရနိုင်ပါ။ ထိုမှတ်တမ်းသည်အနာဂတ်နှင့် ငြိမ်းချမ်းခြင်းအတွက် အရင်းအမြစ်ဖြစ်ပေသည်"ဟူ၍ဖြစ်ပါသည်။

(ဗာတီကန်ရေဒီယို)

## (၄) Amenia ၌ပုပ်ရဟန်းမင်းကြီးဆုတောင်း

(၂၆၊ ၆၊ ၂၀၁၆) တွင်Amenia ၌ ရဟန်းမင်းကြီး၏နောက်ဆုံးရက်ခရီးစဉ်အဖြစ် အိမ်ရှင် Orthodox မှ ပြုလုပ်ကျင်းပသော ဆုတောင်းပွဲသို့ Arm- enians Karekin II ဘာသာတူတို့နှင့် အတူတက်ရောက်ခဲ့သည်။

ဆုတောင်းခြင်း အပြီးတွင် ပုပ်ရဟန်းမင်းကြီးက "မေ့လို့ရမှာမဟုတ်တော့ဘူး" အလည်လာခြင်းနှင့် ဆုတောင်းခြင်းသည် အသင်းတော်နှစ်ခုကိုဘုရားသခင်က တစ်လုံးတစ်ဝတည်းရှိရေးကို တည်ဆောက်ရန် အတွက်ဖြစ်တယ်။ သင်တို့ရဲ့ အိမ်တံခါးတွေကို ကျွန်ုပ်အတွက် ဖွင့်ထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ညီအစ်ကို လိုစည်းစည်းလုံးလုံး အတူတူနေခွင့်ရတာ ဘယ်လောက်ကြည်နူးစရာကောင်း သလဲ၊ ဘယ်လောက်ပျော်စရာကောင်းသလဲ၊ ကျွန်တော်တို့ဆုံခဲ့ကြတယ်၊ ညီအစ်ကိုလို တစ်ဦးကိုတစ်ဦး ဖက်ခဲ့ကြတယ်၊ အတူဆုတောင်းခဲ့ကြတယ်၊ လက်ဆောင်ဖလှယ်ခဲ့ကြတယ်၊ တစ်ယောက်ရဲ့နှလုံးခုန်သံကို တစ်ယောက်ကကြားရတယ်၊ အသင်းတော်ဟာ တစ်ခုတည်းပဲဆိုတာ ကျွန်ုပ်လက်ခံယုံကြည်တယ်၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားထံမှ ယုံကြည်သူအပေါင်းတို့ကို ကိုယ်စိတ်နှလုံး တစ်လုံးတစ်ဝတည်း ရှိစေတော်မူပါဘုရား။ ကျွန်ုပ်တို့ကို ပြန်လည်စည်းလုံးစေတော်မူပါ" ဟု ဆုတောင်းခဲ့လေသည်။



# (၅) ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ Armenia မှ Vatican နိုင်ငံသို့အပြန်ခရီး



ပုပ်ရဟန်းမင်းကြီးဖရန်စစ်က Armenia သို့တမန်တော်ဆိုင်ရာ ဒေသစာရီ လှည့် ပတ်ကြွချီခြင်းခရီးစဉ်ကို (၃)ရက်တာအတွင်းပြု လုပ်ခဲ့ရာ (၂၆၊ ၆၊ ၂၀၁၆) တနင်္ဂနွေနေ့ ညနေခင်း၌ ဗာတီကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုသို့သွားရောက် လည် ပတ်ခြင်းသည် ရဟန်းမင်းကြီး၏(၁၄)ကြိမ်မြောက် ပြည်ပသို့ ဒေသစာရီ ကြွချီခြင်း လည်းဖြစ်သည်။ ည(၈း၃၀) တွင် ရဟန်းမင်းကြီး စီးနင်းလိုက်ပါသော လေယာဉ်ကြီးသည် ရောမမြို့Ciampino လေဆိပ်တွင်လုံခြုံ ချောမောစွာ ဆင်းသက်ခဲ့သည်။

ဗာတီကန်သို့မပြန်မီ ပုပ်ဖရန်စစ်က St. Mary Major (Basilica) သို့သွားကာ မယ်တော်သခင်မ၏ ဆင်းတုရှေ့၌ မိမိ၏တမန်တော်ဆိုင်ရာဒေသစာရီကြွချီမှု အဆင်ပြေ အောင်မြင်ခဲ့ခြင်းအတွက် အမိမယ်တော်အားကျေးဇူးတင်ချီးမွမ်းဆုတောင်းခဲ့သည်။

# ဗြိတိန်နိုင်ငံအီးယူသမဂ္ဂမှနုတ်ထွက်ခြင်းအပေါ် ရဟန်းမင်းကြီး၏သုံးသပ်ချက်

ဗြိတိန်သည် နိုင်ငံရေးအကြပ်အတည်းဝဲဂယက်၌ နစ်ချည်မြုပ်ချည်ရုန်းကန်နေခဲ့သည်မှာ ကာလအတန် ကြာခဲ့ပြီးဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာအီးယူ သမဂ္ဂအဖွဲ့ဝင်ဖြစ်လာသောကြောင့်ဟုအဖွဲ့ဝင်ဖြစ်ခြင်းကိုမလိုလားသူများက ထိုးနက်ချက်တစ်ခုအဖြစ်မီးမောင်းထိုးပြောဆိုလာကြပါသည်။ တွဲရေး၊ ခွဲရေးလွှန်ဆွဲပွဲကိုလွန်ခဲ့သော ကြာသပတေးနေ့က မဲပေး၍ ရပ်တည်ချက်ကိုပြသခဲ့ကြရာ လမ်းခွဲရေးကို လိုလားသောမဲများက အသာစီးရခဲ့ကြသည်။ ယခုပြုလုပ်မည့်အပြောင်းအလဲသည် ဗြိတိန်နှင့် ဥရောပတိုက်အတွင်းရှိ တိုင်းပြည်များအား ကောင်းကျိုးသယ်ဆောင်လာမည်ကို အာမခံရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ သဘောထားကို ညွှန်ပြသောစစ်တမ်းရလာဒ်ကို လေးစားရမည်ဖြစ်ကြောင်း၊ ကိုလံဘီယာအစိုးရနှင့် FARC သူပုန်တို့အကြား နှစ်ပေါင်း (၅၀) ကြာခဲ့သောပြည်တွင်းစစ် အပစ်အခတ်ရပ်ဆဲခဲ့သည့်အတွက်လည်း ကျေနပ်မိကြောင်း၊ ဤအစပြုသောခြေလှမ်းသစ်ဖြင့် ရှေ့ဆက်ကောင်းကျိုးဖော်ဆောင် နိုင်ပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်းကြောင်းဖြင့် ရောမမြို့မှ အာရ်မေးနီးယားသို့အသွား လေယာဉ်ပေါ်တွင် မေးမြန်းတွေ့ဆုံရာတွင် ဖြေဆိုခဲ့ပါသည်။
ကိုဖိုက်

# ခရစ်ယာန်သက်တာနှင့်လုပ်ငန်းဆောင်တာ



ဗာတီကန်နိုင်ငံ စိန်ပီတာရင်ပြင်၌ ပုပ်ဖရန်စစ်သည် ဘုရားဖူးများ၊ ကမ္ဘာလှည့် ခရီးသည်များနှင့်အတူ စုဝေး လျှက် မွန်းတည့်အန်ဂျေလူးမေတ္တာမဆိုမီ လူတိုင်းအတွက်ကျွန်ုပ်တို့သည် မိမိတို့၏ အသက်တာထဲ၌ ခရစ်တော်၏သံတမန်များဖြစ်ရန်၊ သာသနာပြုများဖြစ်ရန်၊ ခရစ်တော်၏စိန်ခေါ်သံကို အသင်းတော်က တုန့်ပြန်နိုင်ဖို့ အသက်အရွယ်အခြေအနေ အသီးသီးမှာရှိကြသော ခရစ်ယာန်များ တုန့်ပြန်နိုင်ရန်လိုအပ်ပါသည်ဟုပုပ်ရဟန်းမင်းကြီးကမိန့်ကြားခဲ့ပါသည်။"၎င်းလုပ်ငန်းနှင့်တာဝန်တွေကို ခရစ်တော်၏တပည့်အနေ နှင့် ဘယ်လိုစိတ်ထားများဖြင့် လုပ်ဆောင်ရမည်နည်း"ဟု ပုပ်ဖရန်စစ်က မေးခွန်း ထုတ်မိန့်ကြားခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ခရစ်ယာန်တို့သည် တစ်ခါတစ်ရံအမှန်တကယ် ရှိနေတတ်သော အခက်အခဲများနှင့် မကောင်းမှုများရှိနေကြောင်းသိမှတ်သတိပြုရန် လိုပါသည်။ ထိုအရာကို အသိအမှတ်ပြု လက်ခံနိုင်စေရန် ခရစ်တော်ကိုယ်တိုင်က "ဝံပုလွေများအလယ်တွင် သိုးသူငယ်ကဲ့သို့ သင်တို့ကိုငါစေလွှတ်မည်"ဟူ၍မိန့်ကြားခဲ့သည်။ ခရစ်ယာန်၏ အသက်တာနှင့် လုပ်ငန်းဆောင်တာသည် ညှင်းပန်းနှိပ်စက်ခြင်း စုံစမ်းနှောက်ယှက်ခြင်းနှင့်အတူ အမြဲစတင်သည် အဘယ်ကြောင့်ဆိုသော် သာသနာပြုလုပ်ငန်းသည် မကောင်းမှုများနှင့်အမြဲဆန့်ကျင်လျှက် ရှိနေခြင်းကြောင့် ဖြစ်ကြောင်း ခရစ်တော်ကသိနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် ဧဝံဂေလိသတင်းကောင်း ပြန့်ပွားရေးအတွက် လုပ်ဆောင်သူများသည် အမျိုးမျိုးသော လွှမ်းမိုးမှုမှ လွတ်မြောက်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါသည်။ ခရစ်တော်သခင်၏ ကားတိုင်တန်ခိုးစွမ်းအားနှင့် ဖိနပ်အပိုကို သော်လည်းကောင်း သယ်ဆောင်သွားခြင်းမပြုကြပါရန် ခရစ်တော်ကသတိပေးတောင်း ခံထားပါသည်။ ဆိုလိုသည်မှာ မိမိကိုယ်ကျိုးအတွက် ဝါကြွားလိုခြင်း၊ အာဏာရလိုမှုဆိုင်ရာစုံစမ်းနှောက်ယှက်ခြင်း၊ သွေးဆောင်ခြင်းများကို ခွါချကာခရစ်တော်ရဲ့ ယဇ်ပူဇော်ခြင်းဖြင့် ကယ်တင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်ရန် နှိမ့်ချသောအသုံးတော်ခံအဖြစ် ရှိနေပေးရန်ဖြစ်ကြောင်း ပုပ်ဖရန်စစ်ကဆက်လက်မြွက်ကြားခဲ့သည်။ ထိုအရာများကိုလုပ်ဆောင်သောအခါ ကျွန်ုပ်တို့၏နှလုံးသားသည် ပျော်ရွှင်ခြင်းဖြင့်ပြည့်နေသည်ဟူ၍လည်း မြွက်ကြားခဲ့ပါသည်။ ဧဝံဂေလိသတင်းကောင်းအတွက်မိမိတို့၏ နေ့စဉ်အသက်တာကို ဆက်ကပ်လျှက် လုပ်ဆောင်နေကြသောရဟန်းများ၊ သီလရှင်များ၊သူတော်စင်များနှင့် သာသနာပြုပုဂ္ဂိုလ်တို့၏ ဆက်ကပ်ခြင်းလုပ်ငန်းနည်းလမ်းအားဖြင့် မိမိ၏ သားသမီးများဖြစ်သော ယုံကြည်သူသားသမီးများအားလုံးသည် ကယ်တင်ခြင်း သတင်းကောင်းကို ရရှိသောအခါ အသင်းတော်သည် မည်မျှပျော်ရွှင်နေမည်ဖြစ်ကြောင်း ကျွန်ုပ်တွေးဆမိပါသည်။ ယနေ့ရင်ပြင်တော်၌ စုဝေးနေကြသော သင်တို့ အထဲတွင်လည်း မည်မျှလောက်ထိုဖိတ်ခေါ်သံကိုကြားရပါသနည်း။ သခင်ခရစ်တော်၏ ဖိတ်ခေါ်သံကိုမည်သူကကြား ရန်နားထောင်နေပါသနည်း။ကျွန်ုပ်သိချင်မိပါသည်။မကြောက်ကြပါနှင့် နှစ်ပေါင်းများစွာက ဖွဲ့သတ္တိအပြည့်ဖြင့်လုပ်ဆောင်ခဲ့ကြသော တပည့်တော်ကြီးများ၏စံနမူနာကို အတုယူလျှက် "နီးစပ်သူများထံသို့ ဧဝံဂေလိသတင်းကောင်းသယ်ဆောင်ပေးရန်သတ္တိရှိကြပါ" ဟုအရှင်သူမြတ် ဖရန်စစ်ကမိန့်ကြားသွားခဲ့ပါသည်။
(ဗာတီကန်ရေဒီယို)

ဗာတီကန် (၂၉၊၆၊၂၀၁၆)

# ပုပ်ဘေနဒစ်၏စာအုပ်ဖြန့်ချီခြင်း

ရဟန်းမင်းကြီးဘေနဒစ်ပြုစုထားသော "To Teach and Learn the love of God' ဘုရားသခင်၏ချစ်ခြင်းကို သွန်သင်ရန်နှင့်သင်ယူရန်" ဟူသော အတွဲ (၁)စာအုပ်ကို ရဟန်းမင်း ကြီးဖရန်စစ် က အမှာစာရေးပေး၍ ဘာသာစကား(၆)ခုဖြင့် အီတလီ Cantagalli မှ ထုတ်ဝေဖြန့်ချီ ခဲ့သည်။ အမှာစာတွင်ရဟန်းမင်းကြီး ဖရန်စစ်က "ဒီစာအုပ်ကို ဖတ်တဲ့အခါတိုင်း သူလုပ်ခဲ့သော လုပ်ရပ်တွေကျွန်တော် ပိုမိုသဘောပေါက်လာတယ်။ ရဟန်းမင်းကြီး ဘေနဒစ်ဟာ ဒဿနိကပညာရှင်ကြီးတစ်ဦး ဖြစ်ရုံမက ယုံကြည်ခြင်းရဲ့ဖခင်လည်းဖြစ်တယ်။ "သူ"ဟာ အမှန်တကယ် ယုံကြည်သူ၊ ဆုတောင်းသူ၊ သန့်ရှင်းသူဖြစ်တယ်" ဟု ရေးသားထားပါသည်။
စာမျက်နှာ(၃၀၄)ရှိသော ထိုစာအုပ်တွင် ဘုန်းတော်ကြီး Ratzinger ၏ ပထမမစ္ဆား မှစ၍ စုစည်းထားသော ဩဝါဒပေါင်း (၄၃)ခုပါဝင်ကာ စာအုပ်၏ နိဂုံးပိုင်းကို ရဟန်းများနှစ်အတွက် ရဟန်းများထံသို့ ရေးသားသောစာဖြင့်နိဂုံးချုပ်ထားပါသည်။ ထိုစာအုပ်ကို(၁၉၅၁)ဇွန်လ(၂၉) ရက်နေ့ Freising ဆရာတော်ကြီးကျောင်းတွင် ရဟန်းသိက္ခာခံ ယူခဲ့သည့်နေ့ ရဟန်းဝါတော်(၆၅)နှစ်ပြည့်နေ့၌ထုတ်ဝေခဲ့သည်။

# ပုပ်ဘေနဒစ်၏ (၆၅) နှစ်ပြည့်ရဟန်းဝါတော်

ဗာတီကန် (၂၉၊၆၊၂၀၁၆)



အနားယူပြီးဖြစ်သော ပုပ်ဘေနဒစ်၏(၆၅)နှစ်ပြည့် ရဟန်းဂါတော်နှစ်ပတ်လည်နေ့ကိုဗာတီကန်၌ ပုပ်ဖရန်စစ်ကဦးဆောင်ကျင်းပခဲ့သည်။ ထိုပွဲတော်၌ဗာတီကန်ရုံးတော်များမှ ခေါင်းဆောင်(၂)ဦး၊ အသင်းဂိုဏ်းအသီးသီးနှင့်ဧည့်သည်တော်အမြောက်အများ ပါဝင်ခဲ့သည်။ ဒေါ့သဒေါ့အသင်းတော်မှ ရဟန်းအကြီးအကဲလည်းပါဝင်တက်ရောက်ခဲ့သည်။ ၄င်းအခမ်းအနားသို့ တက်ရောက်သူများသည် ပုပ်ဘေနဒစ်ကလဲမင်းတင်းခန်းမသို့ ကြွလာစဉ် လမ်းတစ်လျှောက်၌ မတ်တတ်ရပ်လျှက် တစ်ခဲနက်ကြိုဆိုခဲ့ကြပြီး ပုပ်ဖရန်စစ်၏ ညာဘက်တွင် ထိုင်စေခဲ့သည်။ ပုပ်ဖရန်စစ်က အနားယူပြီး သွားသောပုပ်ဘေနဒစ်အပေါ် မိမိ၏လေးစားမှုကိုလျှို့ဝှက်မထားခဲ့ပေ၊"အိမ်တွင်းမှပညာရှိသောအဘိုး"ဟုအမြဲတင်စားပြောဆိုလေ့ရှိသည် ။ ပုပ်ဘက်နဒစ် ၁၆ ကလည်း ပုပ်ဖရန်စစ်အပေါ် ကျေးဇူးတင်ခြင်းကို ဖေါ်ပြခဲ့သည်။ ဆက်လက်ပြီးပုပ်ဘက်နဒစ်က "ရဟန်းမင်းကြီးအဖြစ်ပထမဆုံး ရွေးချယ်ခံရခြင်းမှစ၍ ကျွန်ုပ်ကိုလေးနက်စွာ ထိတွေ့ခံစားစေခဲ့သည်။ ဗာတီကန်ရှိ ဥယျာဉ် များအားလုံး၏အလှအပများထက်ပိုပါသည်။ကျွန်ုပ်၏နေထိုင်ရာ၊ လုံခြုံရာဖြစ်စေပါသည်။ ကျွန်ုပ်တို့အားလုံးကို ဘုရားသခင်ဆီသို့ ခေါ်ဆောင်၍ ထိတွေ့စေခဲ့သူလည်းဖြစ်သည်" ဟုဆိုခဲ့ သည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်က "မိမိသည် အာရ်မေးနီးယားသို့ သွားရောက်လည်ပတ်ခဲ့သောခရီးစဉ် တစ်လျှောက်လုံး၌ မိမိ၏နောက်မှနေ၍ ဆုတောင်းပေးခြင်းဖြင့် ကူညီပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ပါသည်" ဟု ပုပ်ဘေနဒစ် ကို ကျေးဇူးတင်ချီးမွမ်းခဲ့သည်။ ပုပ်ဘေနဒစ်၏ ရဟန်းဘဝ(၆၅)နှစ်လုံးလုံး အသင်းတော်ကိုအစေခံခဲ့ခြင်းအကြောင်းနှင့် "Do you love me?"ဟူသော သခင် ယေရှု၏မေးခွန်းကို သံပေထရူး၏တုန့်ပြန်မှု အကြောင်း ပြုစုရေးသားပေးသည့်အတွက် ကျေးဇူး တင်စကားပြောကြားခဲ့သည်။ "ဒါဟာ သင့်ရဲ့ချစ်သူအတွက် ရှာဖွေတွေ့ရှိမှုကို အဓိကသတ်မှတ်ခြင်းနှင့် သင့်ရဟန်းဘဝ၏ အဓိကခြုံထည်တစ်ခုဖြစ်တယ်၊ ဒါဟာ သင့်ရဲ့အစဉ်အမြဲသက်သေခံမှုနှင့် ယနေ့အထိ သက်သေခံနေခြင်းလည်းဖြစ် တယ်"ဟူ ၍ဖြစ်သည်။

ပုပ်ဘက်နဒစ်(၁၆)က ကျွန်ုပ်တို့ သတိမထားသော ဗာတီကန်၏ ထောင့်တစ်နေရာမှ အသင်းတော်ကြီးကို စိတ်အားထက်သန်စွာနှင့် အမျှော်အမြင်ရှိစွာဖြင့် အသင်းတော်ဆက် လက်ရှင်သန်နိုင်ရန် အတွက် ဆက်လက်အစေခံနေပါသည်။ "စိန်ဖရန်စစ်သည် မိမိ၏နောက်ဆုံးနေ့ရက်များကို Parziuancola ကျောင်းဆောင်၌ ဆုတောင်းခြင်းဖြင့် ကုန်ဆုံးစေသကဲ့သို့ ယခုပုပ်ဘေနဒစ်၏ Mater Eccelesiae ရသေ့ကျောင်းဆောင်ငယ်လေးသည် လည်းကျွန်ုပ်နှင့်အသင်းတော်အတွက် ငြိမ်သက်ခြင်း၊ ခွန်အား၊ သစ္စာရှိခြင်း၊တည်ငြိမ်ရင့်ကျက်ခြင်း၊ ယုံကြည်ခြင်း၊ ဆက်ကပ်ခြင်း နှင့် တင့်တယ်ခြင်းတို့ကို ထုတ်လွှတ်ပေးသော နေရာဖြစ်လာစေပါသည်" ဟု ပုပ်ဖရန်စစ်ကဆိုခဲ့သည်။

ဘုရားသခင်၏ ချစ်ခြင်း၊သနားခြင်းကို ဆက်လက်ခံစား နိုင်ရန်နှင့် ဘုရားသခင်၏ ချစ်ခြင်းကို ဆက်လက်သက်သေခံရန်" ဆန္ဒ ပြုပါ ကြောင်းကိုလည်း ထုတ်ဖော်ပြခဲ့သည်။ အရှင်သူမြတ်ပုပ်ဘေနဒစ်(၁၆)ငြိမ်း က မတ်တတ်ရပ်လျှက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ပုပ်ဘေနဒစ်သည် လွန်ခဲ့သော(၆၅)နှစ် ရဟန်းသိက္ခာခံယူခဲ့စဉ် ဆောင်ပုဒ်အဖြစ် ယူခဲ့သည့် ဂရိဘာသာစကားဖြင့် 'Eucharistomen' "ဘုရားသခင်အား ကျေးဇူးတင်ပါသည်" ဟူ သောစာသားအပေါ် အကျဉ်းချုံး ပြန်လည်မြွက်ကြားခဲ့သည်။

ကမ္ဘာကြီး၏ အခက်အခဲပြဿနာများနှင့် မကောင်းမှုများကို ကျေးဇူးတော်နှင့် ကောင်းကြီးမင်္ဂလာအဖြစ်သို့ ပြောင်းလဲပေးခဲ့သော ခရစ်တော်၏ အသက်သစ်နှင့် ပိုမိုနီးစပ်စေနိုင်သောကြောင့် "Eucharistomen ဘုရားသခင်အားကျေးဇူးတင်ပါသည်" ဟု လူတိုင်းလူတိုင်းအချိန်တိုင်း၊ ပြောသင့်သော၊ ပြောနိုင်သောစကား ဖြစ်ပါသည်။ ကမ္ဘာကြီးကို ကူညီနိုင်ရန်နှင့် စစ်မှန်သော အသက်သစ်ကိုရနိုင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ထဲ၌ မိမိကိုယ်ကို ပေါင်းထည့်ရပါသည်။ ကမ္ဘာကြီးသည် အမြဲရှင်သန်နေပါစေ။ သေခြင်းကိုအောင်မြင် သောချစ်ခြင်းတည်ရှိရာ ကမ္ဘာကြီးတစ်ခု ဖြစ်ပါစေ" ဟု အရှင်သူမြတ်ပုပ်ဘေနဒစ်က မိန့်ကြားတော်မူခဲ့ပါသည်။ **ဗာတီကန်စီးတီး** (CNS)

# ဗာတီကန် လူထုဆက်သွယ်ရေးရုံး၏ တစ်နှစ်ပြည့် မွမ်းမံခြင်းကို ပြန်လည်သုံးသပ်ခြင်း

ဗာတီကန်မီဒီယာ အတွင်းရေးမှူး Msgr.Viganòသည် ဗာတီကန်ရေဒီယို သတင်းဌာနနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံခြင်းမှာ ယခင်နှစ်က ဗာတီကန် လူထုဆက်သွယ်ရေးရုံး၏ တစ်နှစ်ပြည့် မွမ်းမံခြင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းနှင့် မျှော်မှန်းချက်အသစ်ကလေးများ ထပ်မံထားရှိခြင်းတို့ကို အသားပေး ပြောကြားသွားသည်။ Msgr၏ ပြောပြချက်အရ ရောမတွင်မီဒီယာကို ပြန်လည်မွမ်းမံခဲ့စဉ် ရဟန်းမင်းကြီး၏ "Motu Proprio" ဒစ်ဂျစ်တယ်ဓလေ့ကို ထားရှိပြီး ဤဒစ်ဂျစ်တယ်ဓလေ့သည် သုံးသူ၏အမြင်ကိုပြောင်းပေးနိုင်စေခဲ့သည်။ ဤ "Motu Proprio" မီဒီယာ မွမ်းမံခြင်းသည် ဗာတီကန်အတွက်သီးသန့်ဖြစ်ပြီး၊ ဗာတီကန်မှ နေ့စဉ်ထုတ်သတင်းစာ "L' Osservatore Romano" ၊ ဗာတီကန်ရေဒီယို၊ စီတီဗွီ၊ LEV စာစောင်ထုတ်ဝေရေးဌာန၊ ဓါတ်ပုံရိုက်ကူးရေးနှင့် ဗာတီကန် ပုံနှိပ်တိုက်တို့ကိုအထူးရည်ညွှန်းခြင်းဖြစ်သည်။

Msgr.Viganò၏ ပြောကြားချက်အရ လူ(၈၅%)ခန့်သည် မိုဘိုင်းဖုန်းကို မီဒီယာဖြင့်ချိတ်ဆက်ပြီး သုံးစွဲနေသည်ကိုတွေ့ ရသည်။ ရဟန်းမင်းကြီး၏ "Motu Proprio Media" သည်တစ်လမ်းတည်း၊ တစ်ခုတည်း ဆက်သွယ်ရေးစနစ်မဟုတ်ပဲမီဒီယာအမျိုးမျိုးသုံးပြီး ၎င်းမီဒီယာအားဖြင့်ဘုရားသခင်၏ သားသမီးများကို ဧဝံဂေလိ သတင်းကောင်း ပြောကြားနိုင်ကြောင်း သိစေလိုသည်။

တစ်ဖန် ယခင်နှစ်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ Msgr.Viganò က "အလုပ်ကကြီးမားပေမဲ့ အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။" လူ (၄၀၀) လောက်က ပြုလုပ်ခဲ့သော အစည်းအဝေးတိုင်း (၁၄၀) ကြိမ်လုံးကို စိတ်အားထက်သန်စွာ ပါဝင်တက်ရောက်ခဲ့ပြီး မိမိအရည်အသွေး တိုးပွားရန်နှင့် လုပ်ငန်းစဉ်သစ်များ ရေးဆွဲခြင်းတို့ကိုသဘောပေါက်စေရန်တို့ဖြစ်သည်။သူတို့ထဲမှ အချို့သည် လူထုဆက်သွယ် ရေးနှင့် စီမံခန့်ခွဲရေး MA ဘွဲ့တို့ကိုဆွတ်ခူး ရရှိခဲ့ပြီးဖြစ်သည်။ ရဟန်းမင်းကြီး ကိုယ်တိုင် နှင့် C9 ကာဒီနယ်၏ ကောင်စီအဖွဲ့တို့က စိတ်ဝင်စားစွာဖြင့် ဇွန်လတွင် ပြုလုပ်ခဲ့သော မီဒီယာမွမ်းမံသင်တန်းကို တက်ရောက်ခဲ့ကြသည်။ Msgrက"ဂိတ်တံခါးတစ်ခုတည်းနှင့် ရွေးချယ်စရာဆော့ဝဲ အများကြီးပါလျှင် အလွန်ကောင်းမွန်ပါတယ်။ ၎င်းဂိတ်တံခါးဟာ ထိပ်တစ်နေရာက ပုံစံတစ်ခုဖြစ်ပြီး၊ အဖွဲ့တစ်ဖွဲ့မှ လုံ့လဝီရိယဖြင့်စနစ်တကျထုတ်လွှင့်ပြီး၊အဲ့ဒီမှ ကျွန်ုပ်တို့တစ်တွေဟာ အတွေ့အကြုံကို နှိမ့်ချတဲ့စိတ်နဲ့သင်ယူရမယ်။ ဘာဖြစ်လို့ လဲဆိုရင် နှိမ့်ချခြင်းဟာ မွမ်းမံခြင်းပြုလုပ် ရာမှာ အသင့်လျော်ဆုံး နည်းလမ်းတစ်ခုဖြစ်လို့ပဲဖြစ်တယ်"ဟု ပြောကြားခဲ့သည့်အပြင် မီဒီယာ မွမ်းမံသင်တန်းသည် ဗီဒီယို၊ အသံဖိုင်များ၊ ပုံများ၊ ဆောင်းပါးများနှင့် ရေဒီယိုလိုင်းများကဲ့သို့ ထူးခြားမှုကိုပေးကြောင်း၊ ကျွန်ုပ်တို့ သတင်းကို နားထောင်သူ၊ ကြည့်သူ၊ ဖတ်သူတိုင်း ရှုပ်ထွေးတော့မည် မဟုတ်ဘဲ အကျိုးကျေးဇူးများမည် ဖြစ်ကြောင်း၊ ရဟန်းမင်းကြီးဖရန်စစ်သည် ရဟန်းမင်းကြီးအဖြစ်ရွေးချယ်ခံရစဉ် လူတွေကသူ့ကို Wikipedia မှ အများဆုံး ရှာဖွေကြကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ကျွန်ုပ်တို့သည် "ဗာတီကန် ရဟန်းမင်းကြီး သတင်းအတွက် အရင်းအမြစ်ဖြစ်ရမယ်။ ပင်ရင်းရုံးအတွက် သက်သက်ပဲမဟုတ်ရဘူး။ အမှန်တကယ်အရေးကြီးသောနေရာအတွက်ဖြစ်ရမယ်။ အတွင်းမှာစက်အစုံတပ်ထားသော်လည်း ကောင်းမွန်စွာမလည်ပတ်နိုင်ပဲ စွမ်းအင်ကိုထုတ်ပေးရမယ့်အစား အပူတွေကိုပဲ များသည်ထက်များအောင် ထုတ်ပေးတဲ့စက်လိုမျိုး မဖြစ်သင့်ဘူး၊ ပုံမှန်လည်ပတ်တဲ့စက်လိုဖြစ်မှလိုအပ်လျှင်လိုအပ်သလိုထုတ်သုံးနိုင်မယ်" ဟု ပြောခဲ့သည်။

ဗာတီကန်ရေဒီယို နှင့်ပတ်သက်ပြီး ထပ်ပြောသည်မှာ- ရေဒီယိုလိုင်းပေါင်း (၁၀၅)လိုင်းကို ဒေသခံ ဘာသာစကားများဖြင့် ပြောင်းလဲထုတ်လွှင့်လျှင် လူများသည် ဗာတီကန်ရေဒီယိုကို ဆက်လက်၍ ပိုမိုနားထောင်နိုင်မည် ဖြစ်သည်။ ဗာတီကန်ရေဒီယို (၈၀)နှစ်ပြည့် နှစ်ပတ်လည်ပွဲနေ့တွင် Fr. Lombardi က "ဗာတီကန်ရေဒီယိုဟာ ရေဒီယိုမှတ်တိုင်တစ်ခု သက်သက်မဟုတ်တော့ဘူး။ ဘာသာစကား မျိုးစုံနှင့်ဆိုလျှင် ခုန်နေသောနှလုံးသား တစ်ခုနှင့်တူသည်" ဟု ပြောကြားသွားကြောင်း ၂၇၊၆၊၂၀၁၆ နေ့တွင် ထုတ်လွှင့်သော ဗာတီကန် ရေဒီယို သတင်းအရ သိရှိရပါသည်။

(cbcm-osc)





# ဆင်းရဲသားများကိုကူညီရန်ကြီးမားသောနည်းလမ်းတစ်ခု



(၂၈၊ ၆၊ ၂၀၁၆)တွင် ဗာတီကန်နိုင်ငံ ၌ကျင်းပသော "ကြီးမားသော ရင်းနှီးမြှုပ်နှံခြင်းညီလာခံ"သို့ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် Theedore E.Mc Carrich (ငြိမ်း၊ ဝါရှင်တန်)သို့ ပါဝင်တက်ရောက်ခဲ့သည်။ ဆရာတော်ကြီးသည် လူမှုတရားမျှတရေးကိစ္စပြဿနာများ၊ အထူးသဖြင့် ဆင်းရဲသားများ ဘက်မှနေ၍ ထောက်ခံပြောဆိုပေးသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ထိုညီလာခံကြီးတွင် "ဆင်းရဲသားများအား ကူညီရန်ကြီးမား သောနည်းလမ်းတစ်ခု" ဟုဆိုကာ စိတ်အားထက်သန်စွာဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

ငြိမ်းချမ်းခြင်းနှင့်တရားမျှတခြင်းဆိုင်ရာ ရဟန်းမင်းကြီး အသိအမှတ်ပြုကောင်စီနှင့် အစေခံမှုများကို ကူညီပေးသော ကက်သလစ်အဖွဲ့နှင့်ပူးပေါင်းလျှက် (၂၆-၂၈)အထိ ညီလာခံကြီးကို စီးပွားကျွမ်းကျင်သူများနှင့် ကမ္ဘာတစ်ဝှမ်းလုံးမှ ကက်သလစ်ခေါင်းဆောင်ကြီးများ (ကက်သလစ်အသင်းတော်ကြီး၏ လူမှုရေးလုပ်ဆောင်မှုများကိုဆက်လက်ထိန်းသိမ်းရန်အတွက်)ဟူသော အဓိကသော့ချက် ထားရန် သုံးရက်တာကျင်းပခဲ့သည်။

ကြီးမားသောရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုပုံစံတစ်ခုကို ရင်းနှီးမြှုပ်နှံသူအားရင်းနှီးမြှုပ်နှံသည့်ငွေကြေးကို ပြန်လည်ပေးအပ်နိုင်ရန်၊ လိုအပ်နေသူများကို လူမှုရေးကူညီမှုများပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အသင်းအဖွဲ့များ (သို့မဟုတ်) ကုမ္ပဏီများအဖြစ် ပြုလုပ်ရန် ဖြစ်သည်။ Devin Watkins နှင့် အင်တာဗျူးရာ၌ ကာဒီနယ် Mc Carrick ကဆင်းရဲသားများကိုကူညီရန်နည်းလမ်းသစ်များကိုတွေ့သောအခါဆရာတော် တာဝန်မှအငြိမ်းစားယူခဲ့ခြင်းကိုကျေနပ်နစ်သိမ့် စေခဲ့သည်ဟုဆိုခဲ့သည်။ ကာဒီနယ်Theodore Mc Carrickသည် ဝါရှင်တန်ဂိုဏ်းချုပ်သာသနာ၏ဆရာတော်အဖြစ်အကြီးအမှူးပြုခဲ့ရာမှ(၂၀၀၆)ခုနှစ်တွင်အနားယူခဲ့သည် သို့သော် 'ဆင်းရဲသား များအား ကူညီရန်နည်းလမ်းသစ်များရှာဖွေခြင်းသည်သူ့အား ဝမ်းသာစေခဲ့ပါသည်၊ ဆင်းရဲသားများကို ကူညီရန် နည်းလမ်းသစ်များရှာဖွေရာ၌လည်းဘုရားသခင်ကကျွန်ုပ်တို့ကိုမည်ကဲ့သို့ ဖြစ်စေလိုကြောင်း နှင့် လုပ်ဆောင်ရာဖွေနိုင်ရန် ဉာဏ်ပညာ အလင်းကျေးဇူးများနှင့်အတူ ခွန်အားများ ပေးပါတယ်' ဟု ဆိုသည်။

ဆက်လက်ပြီးကာဒီနယ်က "ဒီလုပ်ဆောင်မှု၏နောက်ဆုံးပန်းတိုင်က တခြားလူတွေရဲ့ဂရုစိုက်ခြင်းမှတဆင့် ဆင်းရဲသားများသည် ဘုရား၏ ချစ်ခြင်းကို တွေ့ရှိခံစားနိုင်ဖို့ဖြစ်တယ်။ ဒါဟာတခြားလူတွေကဆင်းရဲသားများ အားလုံးကို ဂရုစိုက်မြတ်နိုးလာစေပါတယ်။ ဒါတွေအားဖြင့် ဘုရားသခင်က ငါတို့ကို ချစ်နေပါလားဆိုတာသိလာစေဖို့၊ သူတို့တကယ်ဘဲလိုအပ်တောင့်တနေတဲ့ဘဝတွေဆီရောက်ရန်ခေါ်ဆောင်ပေးနိုင်ဖို့ နည်းလမ်းအသစ်တစ်ခုလည်းဖြစ်ပါတယ်" ဟု ဆိုခဲ့သည်။

ဤညီလာခံသည်လွန်ခဲ့သော(၂)နှစ်ကတစ်ကြိမ်ပြုလုပ်ပြီးခဲ့သော ဗာတီကန်၏ အရေးကြီးရင်းနှီးမြှုပ်နှံခြင်းညီလာခံမှရလဒ်များကိုလက်တွေ့လုပ်ဆောင်ရမည့်အစည်းအဝေး၏ဒုတိယအပိုင်းလည်းဖြစ်ပါသည်။

"ပိုမို၍လုပ်ဆောင်ပါ"ဟုပုပ်ဖရန်စစ်က မိန့်ကြားတဲ့အတိုင်း ဆင်းရဲတဲ့သူ တွေဆီရောက်နိုင်ရန် နည်းလမ်းသစ်များရှာဖွေဖို့ အလင်းပေးခံရတယ်။"ပိုမိုလုပ်ဆောင်ပါ၊ ဆက်လက်လုပ်ဆောင်ပါ"လို့ရဟန်းမင်းကြီးကအားပေးတိုက်တွန်းနေတယ်။ အကယ်၍ကျွန်ုပ်တို့က "မည်သို့လုပ်ဆောင်နိုင်မည်နည်း" ဟုမေးလျှင်ဘုရားရှင်က ကျွန်ုပ်တို့ကိုမတူညီသော အယူအဆများစွာ၊ အကြံဉာဏ်များစွာကိုထည့်ပေးပါသည်။ထိုအရာများသည်ကြီးမားသောကောင်းကြီးမင်္ဂလာဖြစ်သည်"ဟုကာဒီနယ်ကဆိုပါသည်။

(CBCM- OSC)

# သေဆုံးသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ကြေကွဲရသော ကာဒီနယ် Veglio




လွန်ခဲ့သောဇွန်လ (၃၀) ရက်၊ ကြာသပတေးနေ့တွင် အမျိုးသမီး(၁၀)ဦးတို့သည် Libya ပင်လယ်ကမ်းခြေ ၌ သေဆုံးခဲ့ကြသည်။ အီတလီပင်လယ်ကမ်းခြေစောင့်ရဲတပ်ဖွဲ့က အုပ်စုနစ်စုခွဲ၍ အခြားသူများကို ကယ်ဆယ်နေစဉ် သေဆုံးခဲ့ကြကြောင်းသိရသည်။

ယခင်နှစ်၏ နောက်ဆုံးအကြိမ်တွင်လည်း Sicilianသို့ ဆိုက်ရောက်ဆဲဆဲလှေတစ်စီး တိမ်းမြှုပ်စဉ် လူ(၈၀၀)ခန့် သေဆုံးခဲ့ကြရသည်။ အချို့သည် ထိုင်ခုံအောက်တွင်ဖိညှပ် ကျန်ရစ်ခဲ့၍ သေဆုံးခဲ့ရသည်။အမျိုးသမီး များနှင့်ကလေးများသည်သော့ပိတ်ခံရ၍ သေဆုံးခဲ့ကြရသည်ဟု သိရသည်။ အချို့မှာ အသက်ကယ်အိတ်များရရှိကြ၍ အသက်ရှင်ခွင့်ရကြသည်။ ဗာတီကန်၏ရွှေ့ပြောင်းအလုပ်သမားကောင်စီတာဝန်ခံ ကာဒီနယ် Antonio Maria Veglio သည် "ဤသို့ကံဆိုးမိုးမှောက်ရခြင်း၊ ပင်လယ်ရေ ရာသီဥတု ဖောက်ပြန်ခြင်းဟာ နောက်ဆုံးအကြိမ်မဟုတ်လောက်ပါ။ စိတ်မကောင်းခြင်းများစွာနှင့်ပြောရရင် ဒီလိုအခက်အခဲ နှင့် ကြုံတွေ့သူတွေကို မကိုင်တွယ်ချင်ကြ၊ မကူညီချင်ကြတဲ့သူတွေရှိတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေနှင့် မထိတွေ့လိုကြပါ။ ဒီဖြစ်ရပ်နှင့်ပတ်သက်ပြီး ထပ်ပြောရရင် ပင်လယ်မှာရာသီဥတုဖောက်ပြန်မှုကြောင့် သေဆုံးခဲ့ရသူသည် သူတို့ရှိသမျှကိုစွန့်ပြီး ဂုဏ်ရှိသောဘဝတစ်ခုကိုတည်ဆောက်လိုသောစိတ်ဖြင့် အသက်အန္တရာယ်ကိုမမှုပဲ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာနေသည်"ဟု ပြော ကြားသွားပါသည်။ "ဒီဖြစ်ရပ်ဟာ Europeam ရဲတပ်ဖွဲ့တွေကို သူတို့တွေအတွက် တစ်ခုခုလုပ်ဆောင်ပေးဖို့ စိန်ခေါ်နေတယ်လို့ ကျွန်ုပ်မျှော်လင့်မိပါတယ်"ဟု ပြောသွားခဲ့ကြောင်း ဗာတီကန်ရေဒီမှသိရှိပါသည်။

(CBCM-osc)

# အော့သဒေါ့ခရစ်ယာန်များကောင်စီအစည်းအဝေးအဆုံးသတ်

ကမ္ဘာအရပ်ရပ်၌ နေထိုင်ကြသော ဂရိအော့သဒေါ့ခရစ်ယာန်များသို့ သတင်းစကားတစ်ခုနှင့်အတူ Crete နိုင်ငံ Creek island (ဂရိကျွန်း) ၌အော့သဒေါ့ရဟန်းအကြီးအကဲ Barthdomew သည် အော့သဒေါ့အသင်းတော်၏ ကောင်စီကြီး တစ်ပတ်တာ လုပ်ဆောင်မှုအစည်းအဝေးကို(၂၇၊ ၆၊ ၂၀၁၆) တနင်္ဂနွေနေ့တွင်အဆုံးသတ်ပြီးစီးခဲ့သည်။

ထိုအစည်းအဝေးတွင်ဇင်းဒေသရှိဒေသခံအသင်းတော်များ(၁၀)ခုသည် အရှေ့အလယ်ပိုင်းခရစ်ယာန်များအတွက်အဓိက ပြောဆိုဆွေးနွေးသွားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရက်စက်ငြင်းပန်းခြင်းများ၊ နယ်နှင်ဒဏ်ပေးခြင်းနှင့် လူနည်းစုခရစ်ယာန်များကိုသတ်ဖြတ်မှု၊ ဘာသာရေးအတင်းသွတ်သွင်းခြင်း၊ နှိပ်စက်ခြင်း၊ ကွပ်မျက်ခြင်းနှင့် လူကုန်ကူးခြင်းအကြောင်းအရာများအပေါ်၌လည်း ဝေဖန်ပြောဆိုသွားခဲ့သည်။ ကောင်စီတက်ရောက်သူ (၂၉၀)ဦးကလည်း လက်ထပ်ထိမ်းမြားခြင်း၊ အစာရှောင်ဝါရှောင်ခြင်း၏အလေ့အထ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ပတ်သက်သောမေးခွန်း၊ နေရာအနှံ့အပြားသို့ရောက်ရှိနေသောအော့သဒေါ့ခရစ်ယာန်များ၊ ယနေ့ခေတ်ကမ္ဘာ၌ အသင်းတော်၏လုပ်ငန်းဆောင်တာနှင့် အခြားအသင်းတော်များနှင့်ပေါင်းသင်းဆက်ဆံရေး စသည့်ခေါင်းစဉ်ကြီး(၆)ခုအပေါ် အဓိကထားရန်အပြန်အလှန်ဆွေးနွေးပြောဆိုသွားခဲ့ကြပါသည်။ (ဗာတီကန်ရေဒီယို)





ပုသိမ်သာသနာ

# မိုးလေဝသအသုံးချ စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲ




(KMSS) နှင့် ဧရာဝတီတိုင်းဒေသကြီး- မိုလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ညောင်တုန်းမြို့နယ်-မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သော "မိုးလေဝသ အသုံးချ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲ အစီအစဉ်"ကို ဇွန်လ ၂၅ ရက်နေ့၌ ဧရာဝတီတိုင်း ဒေသကြီး အတွင်း မရမ်းချောင်း- ပုသိမ်မြို့တွင်လည်းကောင်း၊ ဇွန်လ ၂၆ရက်နေ့တွင်ဇီးဖြူကျွန်း- ညောင်တုန်းမြို့ တွင်လည်းကောင်း ပြုလုပ်ခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲ အစီအစဉ်သို့ သာပေါင်းမြို့နယ်မှ တောင်သူ (၂၄၁) ဦးနှင့်ညောင်တုန်းမြို့နယ်မှ တောင်သူ(၂၉၇)ဦး ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ထိုပညာပေး အစီအစဉ်မှရရှိလာသည့် သဘာဝ ဘေးအန္တရာယ်များနှင့် မိုးလေဝသ ကြိုတင်သတိပေး ခန့်မှန်းချက်များဆိုင်ရာ ဗဟုသုတအသိပညာများကို မိုးလေဝသ အခြေအနေပေါ်မှီခိုအားထား စိုက်ပျိုးနေရသည့် တောင်သူများ၏ နေ့စဉ်လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချနိုင်စွမ်း ရှိလာစေရန်ရည်ရွယ်ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပညာပေး အစီအစဉ်နှစ်ရက်တာလုံးတွင် ဦးဆောင်ပေးခဲ့သော ဧရာဝတီတိုင်း မိုး/ဇလ-တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်၊ အခမ်းအနားဖွင့်ပွဲသို့ ကြွရောက်ပြီး အဖွင့်အမှာစကားပြောကြားပေးသော ကရုဏာပုသိမ်မှ ဒါရိုက်တာ ဘုန်းတော်ကြီး ဖာသာရ် ဟင်နရီမန်းအိုင်ခလိန်နှင့် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန- မအူပင်ခရိုင်ဦးစီးမှူး ဦးသိုက်စိုး၊ ပညာပေးအစီအစဉ်ကို အိမ်ရှင်အဖြစ် တာဝန်ယူဦးစီး စီစဉ်ပေးသော KMSS-Pathein၊ KMSS-Yangon၊ ညောင်တုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးစီ၊ ဒုဦးစီးအရာရှိ ဒေါ်အေးအေးမူနှင့်တကွ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မြန်မာဘီလီယံဂရု(ပ်) မှတာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ကြောင်း တာဝန်ရှိသူတစ်ဦးမှ ပြောကြားခဲ့ပါသည်။

# စိန့်ပီတယ်ကာသီဒြယ်ဘုရားကျောင်းပွဲတော်ကျင်းပခြင်း



ပုသိမ်ကက်သလစ် သာသနာပိုင် စိန်ပီတယ်ကာသီဒြယ် ဘုရားကျောင်းတော်ပွဲကြီးကို ၂၆၊၆၊၂၀၁၆ ပုသိမ်မြို့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ဇွန်လ(၂၆)ရက် တနင်္ဂနွေနေ့နံနက် (၇:၀၀)နာရီတွင် မစ္ဆားတရားတော်မြတ်ကို ရဟန်းတော် (၁၀)ပါးနှင့်အတူ အဖဆရာတော် ဂျွန်မန်းဆိန်းဟီမှဦးဆောင်ပြီး ရပ်နီးရပ်ဝေးမှ ဘာသာတူများ၊ ဘရာသာရ်များ၊ စစ္စတာရ်များ (၅၀၀)ကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။

ပွဲတော်အခမ်းအနား အပြီးတွင် စတုဒီသာဖြင့် ကျွေးမွေးဧည့်ခံခဲ့ပါသည်။ ဤ စိန်ပီတယ်စိန်ပေါလ် ပွဲတော်ကြီးအား ဂုဏ်ပြုသောအားဖြင့် ဘောလုံးအားကစားပြိုင်ပွဲအစီအစဉ်များကိုလည်းကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ဇွန်လ (၂၅-၂၆)ရက်နေ့ ညနေပိုင်းတွင် နှစ်ညတာ တေးသရုပ်ဖော် အကပဒေသာပြိုင်ပွဲများနှင့်ရဟန္တာများ၏ ဘဝအထ္ထုပ္ပတ္တိ တစ်ခန်းရပ် ပြဇာတ်ပြိုင်ပွဲများကို မရမ်းချောင်း S.F.X ဘရာသာရ်လောင်းများ၊ စစ္စတာရ်လောင်းများ၊ ရဟန်းလောင်း ကျောင်းသားများ၊ မြက်တိုမှ စိန်ပေါလ်ဘရာသာရ်လောင်းများ၊ ပုသိမ်မြို့ အမှတ် (၆) ကျောင်းဝင်းမှ ဝင်လိုသူများ၊ ကျား/မဘော်ဒါမှ ကျောင်းသူ ကျောင်းသားလေးများ၊ စိန်ဘရူးနိုးဘော်ဒါကျောင်းသားများ၊ ပုပ်ဂျွန်ပေါလ် (၂) စစ္စတာရ်အသင်းဂိုဏ်းမှ ဝင်လိုသူများနှင့် ပုသိမ်လူငယ်များမှအသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

Pathein OSC.

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာဟောပြောပွဲ

ဟားခါးသာသနာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဟောပြောပွဲကို ဟားခါးသာသနာ ချောင်းခွရွာ၌ ဇွန်လ(၂၀-၂၂) ထိကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းဟောပြောပွဲကို မန္တလေးဂိုဏ်းချုပ်ဆရာတော်ကြီးနီကောလပ်စ်မန်ထန်းက ပုပ်ဖရန်စစ်၏ "Laudato Si"ကိုအခြေခံ၍သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြောင်းကို ဦးဆောင်ဟောပြောခဲ့ပါသည်။ ၎င်းသင်တန်းသို့ Little way သီလရှင်အသင်းဂိုဏ်းမှ(၂၀)ပါး၊ ဟားခါးသာသနာမှရဟန်းတော်(၃)ပါး၊ ကလေးသာသနာမှ ရဟန်းတော် (၁)ပါး၊ (LWMPT)အသင်းဂိုဏ်းမှရဟန်းတော်(၃)ပါး ပါဝင်တက်ရောက်ခဲ့ကြကြောင်းသိရသည်။**(MDY-OSC)**

# ပြည်ကက်သလစ်လူငယ်များ(ပြည်မပိုင်းဇုံ)တွေ့ဆုံပွဲနှင့် လူငယ်များအတွက်သနားခြင်းဂျူဘီလီကျင်းပခြင်း



ပြည်ကက်သလစ်ဂိုဏ်းအုပ်သာသနာရှိလူငယ်များ(ပြည်မပိုင်းဇုံ)တွေ့ဆုံပွဲကိုသုံးလတစ်ကြိမ်ကျင်းပလျက်ရှိရာဇူလိုင်လ (၃) ရက်နေ့ ပြည်မြို့ စိန့်ပေါလ်ကာသီဒြယ်ကျောင်းတော်ကြီးတွင် လူငယ်တွေ့ဆုံပွဲကိုပြုလုပ်ကြပါသည်။ ထိုတွေ့ဆုံပွဲနှင့်အတူလူငယ်များ၏ သနားကြင်နာခြင်းဂျူဘီလီမစ္စားတရားတော်မြတ်ကို ဂိုဏ်းအုပ်ဆရာတော်ကြီး Alexander ဦးဆောင်၍ ရဟန်းတော် (၅)ပါးမှ နံနက် (၇း၀၀)နာရီတွင်ပူဇော်ခဲ့ပါသည်။ မစ္စားတရားတော်မြတ်တွင် လူငယ်များ ဘာသာတူများ နှင့် သီလရှင်များ ၃၀၀ကျော်ပါဝင်ဆုတောင်းခဲ့ကြသည်။ လူငယ်များ၏တွေ့ဆုံပွဲနှင့် ဂျူဘီလီပွဲအထူးအစီအစဉ်ဖြင့်ဘုန်းတော်ကြီးဗညားနွယ်နှင့်အဖွဲ့မှဦးဆောင်ပြု၍ နံနက် (၁၀း၀၀)နာရီမှ ညနေ (၂း၃၀)နာရီထိ ဒေသနာတော် ဟောကြားခြင်းအစီအစဉ်နှင့် ကုသခြင်းအစီအစဉ်များ ပြုလုပ်ကြသည်။ ဤဒေသနာဟောကြားခြင်းသည် အချိန်ရှည်လျားသော်လည်း တက်ရောက်နားထောင်ကြသော ဆရာတော်ဘုရား၊ဘုန်းတော်ကြီးများ သီလရှင်များ လူငယ်များနှင့် ဘာသာတူများအတွက် တစ်ခဏသဖွယ်ခံစားရသည်။ ဒေသနာဟောကြားခြင်းအပြီးတွင် တရားနာပရိတ်သတ်တို့၏ သက်သေခံချက်များမှ ဝိညာဉ်တော်ဘုရား လှုပ်ရှာမှုများကို မျက်မြင်တွေ့မြင် ခဲ့ရပေသည်။ ညနေ (၄း၀၀)နာရီတွင် လူငယ်အစည်းအဝေးနှင့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး လူငယ်များမိမိ၏သာသနာအသီးသီးသို့ ပြန်လည်ထွက်ခွာ ခဲ့ကြသည်။

**OSC(PYAY)**

**မန္တလေးသာသနာ**

# သံပေတရုးနှင့်သံပေါလ်လူးပွဲကျင်းပခြင်း




မန္တလေးဂိုဏ်းချုပ်သာသနာ၊အမရပူရမြို့တွင်ရှိသော စိန့်ပီတာစိန့်ပေါလ်ဘုရားကျောင်းပွဲတော်ကို ၂၇၊၂၀၁၆ရက်နေ့၌ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ ပွဲတော်သို့မန္တလေးသာသနာအတွင်းမှ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကိုရင်များနှင့် ဘာသာတူများပါဝင်ခဲ့ကြပါသည်။ မစ္စားတရားကို ဘုန်းတော်ကြီး ဂျွန်မောင်ဆန်းမှဦးဆောင်ပြီး ဘုန်းတော်ကြီးပီတာစိန်လှိုင်ဦးမှဩဝါဒတရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။ ဩဝါဒတရားရေအေး တိုက်ကျွေးရာတွင် "ဒီကနေ့ သံပေတရုးနှင့်သံပေါလူးပွဲတော်ကို ကျင်းပတဲ့အခါ သူတို့တွေရဲ့ဘဝကို ကမ္ဘာန်းထောက်ရှုခဲ့ကြတယ်။ သူတို့တွေရဲ့ဘဝကို ကျွန်တော်တို့ လောကသားအမြင်နဲ့ကြည့်မယ်ဆိုရင် သံပေတရုးဟာ စာမတတ်ပေမတတ် တံငါသည်၊ စိတ်လိုက်မာန်ပါ ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ်ကြီး၊ သံပေါလူးဟာဉာဏ်ပညာကြီးမားတဲ့ကျမ်းတတ်ပုဂ္ဂိုလ်ကြီး၊ အဲတော့ဆီနဲ့ရေလိုကွာပါတယ်။ ဆီနဲ့ရေကိုကျွန်တော်တို့ ရောလိုက်မယ်ဆို ဘယ်တော့မှမရောပါဘူး၊ ဆီကအပေါ်မှာနေပြီး ရေကတော့ အောက်မှာပဲနေပါတယ်။ ဒါပေမယ့် ဆီနဲ့ရေတစ်သားတည်း ခွဲမရအောင်ရောစပ်သွားတဲ့ အချိန်လည်းရှိပါတယ်။ အဲဒါက ပွတ်ပွတ်ဆူအောင်မီးနဲ့မြိုက်၊ ရေဆူမှတ်ကိုရောက်တဲ့အခါမှာဆီနဲ့ ရေဟာခွဲလို့မရအောင် ပေါင်းစပ်သွားပါတယ်။ဒီလိုပဲ အရည်အချင်းမတူတဲ့ သံပေတရုးနဲ့၊ သံပေါလ်လူးကို တစ်ပါးတည်း ပေါင်းစပ်သွားစေတာဟာလည်းသူတို့နှစ်ဦးမှာ မတူညီတဲ့ အရည်အချင်းတွေရှိပြီး တူညီတဲ့အဓိက အရေးကြီးဆုံး အချက်က သခင်ယေရှုအပေါ်မှာ ထားရှိတဲ့ သူတို့ရဲ့ ချစ်ခြင်းမေတ္တာပဲ ဖြစ်ပါတယ်။ သခင်ယေရှု ရှင်ပြန်ထမြောက်ပြီးနောက် သံပေတရုးကို ထင်ရှားပြတဲ့အခါ သခင်ယေရှုက ငါ့ကိုချစ်သလားလို့ (၃)ကြိမ်တိုင်တိုင်သူ့ကိုမေးတယ်။ ဒီအခါမှာ သူက ဝန်ခံတယ်။ ကိုယ်တော်သိပါတယ်။ ကိုယ်တော့်ကို တပည့်တော် ချစ်ပါတယ်။ အဲဒီအခါသခင်ယေရှုက ငါ၏သိုးတို့ကိုကျွေးမွေးလော့လို့ သူ့ကိုပြန်ပြီး တာဝန်ပေးတယ်။ သခင်ယေရှုပေးတဲ့ တာဝန်ကိုသူဟာ ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်။ သခင်ယေရှု အကြောင်းကို ဟောပြောသက်သေခံတဲ့အတွက် အဖမ်းခံခဲ့ရတယ်။ ရောမတွေကတစ်ဖက်၊ ဂျူးတွေကတစ်ဖက်ဝိုင်းပြီး နှိပ်စက်လို့ ပြေးလွှားခဲ့ရတဲ့ကြားထဲက ဩဝါဒနှစ်စောင်ကို ပြီးအောင်ရေးသားနိုင်ခဲ့တယ်။ နောက်ဆုံး ရောမမြို့တော်ရဲ့ စိန့်ပီတာ ကျောင်းတော်ကြီးမှာ လက်ဝါးကားတိုင်ပေါ်မှာ ဇောက်ထိုးတင်အသတ်ခံခဲ့ရတယ်။ သံပေတရုးက သခင်ယေရှုကို ဘယ်လောက်ချစ်သလဲ ဆိုတာသက်သေပြခဲ့တယ်။ ထိုနည်းတူ သံပေါလ်လူးလည်းပဲ သခင်ယေရှုကို ချစ်ကြောင်း သူ့ဘဝနဲ့ သက်သေပြခဲ့တယ်။ သခင်ယေရှုအကြောင်း လှည့်လည်ဟောပြောဖို့ရာအတွက် ကုန်းတတန်၊ ရေတတန်နဲ့ သာသနာပြုခရီး (၃)ကြိမ် ထွက်ခဲ့တယ်။ အဲ့လို ခရီးသွားတဲ့အခါမှာ ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေအားလုံးကိုလည်း မှတ်တမ်းတင်ထားခဲ့တယ်။ သူဟာ ရိုက်နက်ခြင်း၊ ထောင်ကျခြင်းကို အကြိမ်ကြိမ်ခံခဲ့ရတယ်။ ဒုက္ခအမျိုးမျိုး ကြုံခဲ့ရသော်လည်းပဲ စိတ်ပျက်အားလျော့ခြင်း မရှိခဲ့ပါဘူး။ သခင်ယေရှုကို ဘယ်လောက်ချစ်သလဲဆိုတာကို သက်သေပြသွားတာ ဖြစ်ပါတယ်။ နောက်ဆုံး သူဟာ ရောမနိုင်ငံသားဖြစ်တဲ့အတွက် လက်ဝါးကားတိုင် တင်မခံရပဲ ရောမမြို့ရဲ့ မြို့ပြင်မှာ ခေါင်းဖြတ်အသတ်ခံခဲ့ရတယ်။ ဒီအချက်တွေကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် သူတို့နှစ်ဦးသခင်ယေရှုအပေါ်မှာ ထားရှိတဲ့ ချစ်ခြင်းမေတ္တာ ဘယ်လောက် ကြီးမားသလဲဆိုတာ ကျွန်တော်တို့ သိနိုင်ပါတယ်။ ဒီကနေ့ကျွန်တော်တို့ သူတို့ကို ဂုဏ်ပြုချီးမွမ်းကြတယ်ဆိုလို့ရှိရင် သူတို့ကို အတုယူဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့တွေ သံပေတရုးလိုယုံကြည်ခြင်းကို ရဲရဲဝံ့ဝံ့ဝန်ခံဖို့ လိုသလိုကျွန်တော်တို့ရဲ့ ဉာဏ်ပညာကိုလည်း တိုးပွားအောင်ကြိုးစားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းကို ရဲရဲဝံ့ဝံ့ဝန်ခံဖို့ လိုအပ်သလို ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းကို ပျံ့နှံ့စေဖို့လည်း ကြိုးစားဖို့လိုအပ်ပါတယ်။ ဒါကြောင့် သံပေတရုးနဲ့သံပေါလ်လူးပွဲကို ကျင်းပနိုင်တဲ့ ကျွနု်ပ်တို့တစ်ဦးစီ၌ ယုံကြည်ခြင်းနှင့် ဉာဏ်ပညာ တိုးပွားပါစေလို့ ဆုတောင်းရအောင်၊ သံပေတရုးလောက် ယုံကြည်ခြင်း မပြင်းထန်ရင်တောင်၊ သံပေါလူးလောက် ဉာဏ်ပညာမရှိခဲ့ရင်တောင်မှ သူတို့နှစ်ဦး ကိုယ်တော့်အပေါ်မှာ ထားရှိတဲ့ ချစ်ခြင်းမေတ္တာမျိုးကိုတော့ပေးသနားတော်မူပါ။ အဲဒီချစ်ခြင်းမေတ္တာအားဖြင့် ကျွန်တော်တို့ ယုံကြည်ရာကိုကျွန်တော်တို့ သိတဲ့ပညာနဲ့ သက်သေခံနိုင်ခွင့် ပေးတော်မူပါလို့ ဆုတောင်းရင်းကြိုးစားသွားကြပါစို့" ဟု သံပေတရုးနှင့် သံပေါလ်လူး၏ ဘုရားသခင်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာအား အတုယူလိုက်နာ ကျင့်ဆောက်တည် နေထိုင်ကြရန် ဩဝါဒတရားရေအေးကို တိုက်ကျွေးသွားခဲ့ပါသည်။ ထို့နောက် ရပ်ကွက်အတွင်း စီတန်းလှည့်လည်ကာ စိပ်ပုတီးစိတ်ပြီးနောက် ကိုယ်တော်မြတ်ကောင်းချီးဖြင့် သံပေတရုးနှင့် သံပေါလ်လူးပွဲတော်အားကျင်းပပြီးစီးခဲ့ပါသည်။ ပင်ကီ(Mdy-Osc)





ကျိုင်းတုံသာသနာ

# လူကုန်ကူးမှုတားဆီးရေးနှင့်ကလေးသူငယ်များအားကာကွယ်ရေးဆွေးနွေးပွဲ

ကျိုင်းတုံ ကက်သလစ်သာသနာ၊ ကျိုင်းတုံကရုဏာအဖွဲ့ဦးဆောင်၍ ဖွန်လ (၂၃-၂၄)ရက်နေ့အထိ ကလေးသူငယ်ကာကွယ်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပညာပေး ဆွေးနွေးပွဲကို ကျိုင်းတုံကရုဏာ အဆောင်တွင်ပြုလုပ်ခဲ့ပါသည်။

ဒနေ့စ်အောက် ကလေးသူငယ်များ ပုံစံအမျိုးမျိုးဖြင့် လူကုန်ကူးခြင်း ခံနေ ရသောနိုင်ငံတကာ ဖြစ်ရပ်များနှင့် မြန်မာနိုင်ငံအပြင် အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် တရုတ်၊ ထိုင်းတို့၏ လက်ရှိဖြစ်ပျက်နေသော လူကုန်ကူးခံရခြင်းအတွက် ယေဘုယျရည်ညွှန်းစံ အချက်အလက်များကို စစ္စတာရဲယူဖေရေစီနှာအေး မှ အတွေ့အကြုံနှင့်တကွ ရှင်းလင်း ပြောကြားခဲ့ပါသည်။ ရန်ကုန်ကရင်နစ်ခြင်း အမျိုးသမီး အဖွဲ့အစည်း (YKBWA)နှင့် လူမှုဝန်ထမ်းအဖွဲ့ပူးပေါင်းပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာနှင့် ၄င်းတို့၏သမိုင်းမှတ်တမ်းများကိုရှင်းပြပါသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာနှင့်ပတ်သက်ပြီး ဥပဒေနှင့် မပြီစွန်းသော ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်အခြေအနေများနှင့် ဥပဒေနှင့်ငြိစွန်းသော ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်အခြေအနေများစသည်ဖြင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများအကောင်အထည်ဖေါ်ဆောင်ရွက်လျှက်ရှိနေကြောင်း ရန်ကုန်ကရင်နစ်ခြင်းအမျိုးသမီးအဖွဲ့အစည်း (YKBWA)က အသိပေးဆွေးနွေးသွားခဲ့ပါသည်။

လူကုန်ကူတားဆီးရေး ဥပဒေနှင့်ပတ်သက်ပြီးသိကောင်းစရာများကို ဒုရဲမှူး ဒေါ်မီမီကိုမှ လူကုန်ကူးမှုနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများ၊ အဂတိလိုက်စားမှု ၊ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဆိုင်ရာဥပဒေများအကြောင်းကို အကျယ်တစ်ဝန်း ရှင်းလင်း ပြောကြားခဲ့ပါသည်။ သင်တန်းတက်ရောက်သူ အသီးသီးတို့ကလည်း အပြန်အလှန် ဆွေးနွေးခဲ့သည်မှာ ၄င်းလူကုန်ကူးခံရခြင်း၌ ကိုယ်နှင့်နီးစပ်သော သွေးရင်းများဖြစ်နိုင်သလို ၊ကိုယ်ကိုတိုင်လည်းပဲ ဖြစ်နေတတ်သည်ကို သတိမူမိစေလိုပါကြောင်း၊ အဓိကမှာ ဆင်းရဲနွမ်းပါးသော မိသားစုများ၊ အသိပညာနည်းပါးခြင်း၊ သူတစ်ပါးကို အထင်ကြီး အားကိုးမိခြင်းများကြောင့် လူကုန်ကူးခြင်း၊ လူမှောင်ခိုကူးမှုများ ဖြစ်လာရသည်ဟု ဆွေးနွေးတင်ပြသွားကြပါသည်။



ထို့နောက် ပတ်ဝန်းကျင် ရပ်ရွာ၌ မသင်္ကာဖွယ် အခြေအနေများတွေ့ရှိ သိရှိခဲ့ပါက တာဝန်ရှိပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့်ဆက်သွယ်ပေးသင့်ကြောင်းပြောကြားသွားခဲ့ပါသည်။ (ရှီ့စ် SdP)

# သုံးပါးသစ္စာခံဂိုဏ်းပေါင်းစုံသူတော်စင်များစုပေါင်းဝတ်စောင့်ခြင်း



(၂၅၊ ၆၊ ၂၀၁၆) စနေနေ့တွင် ရန်ကုန်ကက်သလစ်သာသနာအတွင်းရှိ ဂိုဏ်းပေါင်းစုံဆုတောင်းဝတ်ပြုခြင်း အစီအစဉ်တစ်ရပ်ကို စိန့်မေရီဘုရားကျောင်းရှိ ဆရာတော်ကြီးနေအိမ်တွင်ပြုလုပ်ခဲ့သည်။ အဆိုပါဝတ်စောင့်ခြင်းသို့ ဖိတ်ကြားထားသော ဂိုဏ်းအသီးသီးမှ ရဟန်းများ၊ သီလရှင်များ၊ ဘရာသာရ်များ တက်ရောက်ကြရာ သူတော်စင်အသင်းဂိုဏ်းပေါင်း (၁၁) ထက်မနည်းတက်ရောက်ခဲ့ပြီး သူတော်စင်အပါးပေါင်း (၁၃၀) ဦးတက်ရောက်ကာ အတူတကွဆုတောင်းခြင်းနှင့် ဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။ (၈း၃၀) တွင် ဖာသာရ် ဘေနဒစ် မုကြိုဆိုခြင်းနှင့် အဖွင့်မေတ္တာဆုတောင်းခြင်းဖြင့် တစ်နေ့တာအစီအစဉ်ကိုစတင်ခဲ့သည်။ (၈း၄၅) မှ (၁၀း၀၀)အထိကို ဖာသာရ်ပီတာဉာဏ်မြင့်မှမိသားစုဘောင်သို့ ဘုရားသခင်၏ ခေါ်တော်မူခြင်းနှင့် ၄င်းတို့နှင့်ပတ်သက်ပြီး အကျွန်ုပ်တို့၏သူတော်စင် ကဏ္ဍဘဝအကြောင်း သိကောင်းစရာ များကိုဝေမျှပေးသွားခဲ့သည်။ ထို့နောက် အာပတ်ဖြေခြင်းစက္ကရမင်တူးနှင့် မစ္ဆားတရားတော်မြတ်ကို(၁၁း၁၅)တွင် ကျင်းပကြရာကာဒီနယ်ချားလ်စ်ဘိုနှင့် ရဟန်း(၇)ပါး ပါဝင်လျှက် မစ္ဆားတရားကို ပူဇော်ခဲ့ကြသည်။ မစ္ဆားတရားတော်မြတ်၌ ကာဒီနယ်က (၂၅၊ ၆၊ ၂၀၁၆) စနေနေ့၏ကျမ်း စာဖြစ်သော (မာတေဦး ၈း၅-၁၇) ကို ကိုးကားလျှက်တရားရေအေးတိုက်ကြွေးရာ ယနေ့ခေတ်ကမ္ဘာတွင်ဘုရားသခင်၏အာနုဘော်တော်နှင့် ထိတွေ့မှုများစွာ လိုအပ်နေကြောင်း၊ မိသားစုအတွင်း၊ အသင်းအဖွဲ့အတွင်း၊ လူအချင်းချင်းအကြားအမုန်းနှင့် ပဋိပက္ခဖြစ်ခြင်း၊ တစ်ဦး နှင့်တစ်ဦး အပြန်အလှန်နားလည်မှု မပေးနိုင်ခြင်း၊မချစ်မကူညီပေးနိုင်ခြင်းသည် ဘုရားသခင်နှင့် မထိတွေ့သေးခြင်းတို့ကြောင့်ဖြစ်သည်ဟု ဩဝါဒမြွက်ကြားခဲ့သည်။

မွန်းတည့် (၁၂း၁၀)နာရီတွင် နေ့လည်စာသုံးဆောင်ခြင်းနှင့်(၁း၁၀)နာရီတွင် တွေ့ဆုံဆွေးနွေးခြင်းတစ်ခုကို ပြုလုပ်ခဲ့ကြရာ ထိုအစည်းအဝေး၌ (E.C အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း) နောက်လာမည့် ဂိုဏ်းပေါင်းစုံသူတော်စင်များ ဝတ်စောင့်ခြင်းပြုလုပ်မည့်နေ့နှင့် နေရာကို ပြန်လည်ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌အခြေအနေအမျိုးမျိုးကြောင့် သတင်းအချက်အလက်မရရှိကာရောက်မလာနိုင်သော အသင်းဂိုဏ်း အတွက်မည်သို့မည်ပုံသတင်းပေးဖိတ်ကြားနိုင်ရေးကိုလည်း ထည့်သွင်းဆွေးနွေး ခဲ့ကြသည်။

ထိုအစည်းအဝေးအပြီးတွင်ကိုယ်တော်မြတ်ကိုဖူးမျှော်ခြင်းနှင့် တစ်နေ့တာအစီအစဉ်ကိုအဆုံးသတ်ကာ ဖာသာရ်ဘေနဒစ်မုကြိုရောက်ပါဝင်ခဲ့ကြသောဂိုဏ်းအသီးသီးမှ ရဟန်းကိုရင်နှင့် သီလရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း နောက်လာမည့် ဂိုဏ်းပေါင်းစုံသူတော်စင်များ(၃)လ တစ်ကြိမ် ဝတ်စောင့်ခြင်းကို ဇူလိုင်လ(၁၇)ရက်နေ့တွင်ကျင်းပမည်ဖြစ်ရာ ယခုကဲ့သို့ပင် အင်တိုက်အားတိုက်ပြန်လည်တွေ့ဆုံရန်မျှော်လင့်ရပါကြောင်းပြောကြားရင်းနိဂုံးချုပ်ခဲ့သည်။ (CBCM-OSC)





# ကာဒီနယ်ချားလ်စ်ဘိုထိုင်းမြန်မာနယ်စပ်ကရင်ဒုက္ခသည်စခန်းသို့အလည်အပတ်သွားရောက်

(၁၊ ၇၊ ၂၀၁၆) ရက်နေ့ မွန်းလွဲပိုင်း (၂း၀၀)နာရီအချိန်တွင်ကာဒီနယ်ချားလ်စ်ဘို၊ ဆရာတော်ရေမွန်စောဖိုးရေ၊ ဆရာတော်ဂျွန်စောယောဟန်နှင့် ဘုန်းတော်ကြီး (၅)ပါးသည် ထိုင်းမြန်မာနယ်စပ်ရှိ Tham Hin ကရင်ဒုက္ခသည်စခန်းသို့ အလည်အပတ်သွားရောက်ခဲ့ကြပါသည်။

ထိုဒုက္ခသည် စခန်းရောက်သောအခါဒုက္ခသည်စခန်းရှိစခန်းမှူး၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘာသာရေး ခေါင်းဆောင်များနှင့်တွေ့ဆုံစကားပြောခဲ့ကြသည်။ တွေ့ဆုံမေးမြန်းသည့်အခါ ဒုက္ခသည် စခန်းမှတာဝန်ရှိသူက"ကျွန်ုပ်တို့ဒုက္ခသည်တွေ Repatriationဆိုတဲ့နေရာ ပြန်လည်ပို့ဆောင်တဲ့အစီအစဉ်ကို ဘယ်အချိန်ဘယ်လိုမျိုးနဲ့ပို့ မလဲ"ဟုမေးခဲ့ရာ ကာဒီနယ်ချားလ်စ်ဘိုက "နေရာပြန်လည်ပို့ဆောင်တဲ့ အစီအစဉ်ကျတော့အတိအကျတော့ပြောလို့မရသေးဘူး။အခုအစိုးရအသစ် အနေနဲ့တစ်နိုင်ငံလုံးအပစ်အခတ်ရပ်ဖို့နဲ့ ငြိမ်းချမ်းရေးတကယ်ရဖို့ကအဓိကလုပ်ဆောင်နေတယ် အရေးကြီးတာကို တဖြည်းဖြည်းသူတို့လုပ်ဆောင်နေတယ်။ ဒုက္ခသည်တွေပြန်လည်ပို့ဆောင်တာကတော့ အချိန်တစ်ခုတော့စောင့်ရဦးမယ်။Democracy နိုင်ငံတည်ဆောက်တဲ့အခါ အနာဂတ်ကို ပိုမိုကောင်းမွန်စေဖို့မျှော်လင့်တယ်။ပြီးတော့ဒုက္ခသည်တွေကို ပြန်ပို့တဲ့အခါ လုံခြုံစွာနဲ့ ငြိမ်းချမ်းစွာပြန်ပို့ဖို့တော့ အရေးကြီးတယ်"ဟုပြောကြားခဲ့သည်။ ဒုက္ခသည်စခန်းတွင်ရှိသည့်တာဝန်ရှိလူကြီးတစ်ချို့က ၎င်းတို့တွေ့ကြုံသည့်အခက်အခဲများကိုတင်ပြခဲ့သည်။၎င်းတို့လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲမှာ NGOအကူအညီများ တဖြည်းဖြည်းနည်းလာပြီး အထူးသဖြင့် ကလေးသူငယ်များ၏ပညာရေးအတွက်အထောက်အကူများနည်းပါးလာခြင်းကြောင့် ဘာသာရေးခေါင်းဆောင်များအနေနှင့် ကူညီနိုင်မည့်နည်းလမ်းများနှင့်ကူညီပေးရန်တောင်းဆိုခဲ့သည်။ ကာဒီနယ် ချားလ်စ်ဘိုသည် ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းကို ပထမဆုံးအကြိမ် သွားရောက်လည်ပတ်ခြင်းဖြစ်ပါသည်။ Than Hin ကရင်ဒုက္ခသည်စခန်းကို ၁၉၉၇ခုနှစ်တွင် စတင်ခဲ့သည်။ ယခုဒုက္ခသည်ဦးရေ (၇၀၀၀) ခန့်ရှိသည်ဟု စခန်းမှူးကပြောသည်။



ကာဒီနယ်ချားလ်စ်ဘို သွားရောက်လည်ပတ်ရခြင်း ရည်ရွယ်ချက်မှာ ဒုက္ခသည်စခန်းတွင်ရှိသည့်လူများကို သွားရောက်အားပေး၍ ၎င်းတို့၏အခက်အခဲ၊ ဘဝအခြေအနေများကို သိရှိရန်နှင့် အားပေးစကားပြောကြားရန်ဖြစ်ပြီး ဝိညာဉ်ရေးတွင်လည်းအမြဲယုံကြည်ခြင်းရှိဖို့ သွားရောက်အားပေးခြင်းဖြစ်ပါသည်။A.Shwe(MLM.OSC)

# ထိုင်းမြန်မာနယ်စပ် ကရင်ဒုက္ခသည်စခန်းသို့သွားရောက်ခဲ့သော ဆရာတော်ရေမွန်စောဖိုးရေ နှင့်တွေ့ဆုံခြင်း

**မေး။ ။ပြီးခဲ့သောဇွန်လ(၁)ရက်နေ့တုန်းက ကာဒီနယ်ချားလ်စ်ဘိုနှင့်အတူဆရာတော်(၅)ပါးနှင့် ရဟန်းတော်များ ထိုင်းမြန်မာ နယ်စပ် ကရင်ဒုက္ခသည် စခန်းကို သွားရောက်ခဲ့တယ်လို့သိရတယ်။ ဒါဟာ ပထမဆုံးအကြိမ်လားရှင့်။**

**Bp** ။ ။ကာဒီနယ်နဲ့သွားတာ ဒါပထမဆုံးအကြိမ်ပါ၊လွန်ခဲ့တဲ့(၅-၆)နှစ်ကလည်းရောက်ခဲ့သေးတယ်။ အခုက ကာဒီနယ်ချားလ်စ်ဘို၊ ဆရာတော် စတီဗင်းတေးဖဲ (လွိုင်ကော်)၊ ဆရာတော် ဂျွန်မန်းဆိန်းဟှီ(ပုသိမ်)၊ ဆရာတော် ဂျွန်စောယောဟန်(ရန်ကုန်)နှင့် ရဟန်းတော်ငါးပါး အတူသွားရောက်ကြတယ်။

**မေး။ ။ဆရာတော်တို့ ဘာအခက်အခဲတွေကြုံခဲ့သလဲရှင့်။**

**Bp**။ ။တကယ်တော့ အခက်အခဲဆိုတာ ကိုယ်နဲ့ဘဲဆိုင်ပါတယ်။ အဲ့ဒီမှာရှိနေတဲ့ တာဝန်ခံမြန်မာဘုန်းတော်ကြီး (၆) ပါးက စီစဉ်တဲ့အတိုင်း တို့တတွေကလိုက်ရတာဆိုတော့ အခက်အခဲတွေကမရှိသလောက်အဆင်ပြေနေပါတယ်။

**မေး။ ။သွားရောက်ရခြင်း၏ရည်ရွယ်ချက်ပြောပေးလို့ရမလားရှင့်။**

**Bp**။ ။အဲ့ဒီထိုင်းမြန်မာနယ်စပ် ကရင်ဒုက္ခသည်စခန်းရှိ ရွှေ့ပြောင်းနေထိုင်သူနှင့်ဒုက္ခသည်တို့ရဲ့ ဘဝအခြေအနေတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားရောက်ရခြင်းဘဲဖြစ်ပါတယ်။

**မေး။ ။ဒုက္ခသည်စခန်းကိုရောက်တဲ့အခါဘယ်လိုခံစားရသလဲရှင့်။**

**Bp**။ ။အရမ်းပြောင်းလဲသွားတယ်တော့ မရှိပါဘူး။ အရင်တစ်ခေါက်တုန်းကအခြေအနေနဲ့ သိပ်မကွာခြားပါဘူး။ ဒါပေမဲ့ သူတို့ရဲ့စိတ်နေစိတ်ထားနဲ့ခံယူချက်တွေကတိုးတက်လာတယ်လို့ထင်မြင်မိတယ်။ ကလေးတွေရဲ့ပညာရေးနှင့် ပတ်သက်ပြီး အခက်အခဲတွေကို မြင်ရသိရတော့ စိတ်မကောင်းဖြစ်မိပါတယ်။သူတို့ရဲ့ပညာရေး၊ အခွင့်အရေးတွေကို မြှင့်တင်ကူညီပေးနိုင်တဲ့အဖွဲ့အစည်းတွေရှိခဲ့ရင် ချိတ်ဆက်ပေးမယ်၊ တတ်နိုင်သလောက်ပံ့ပိုး ကူညီပေးချင်ပါတယ်။

**မေး။ ။ဒုက္ခသည်စခန်း၏ အခြေအနေအရပ်ရပ်ကိုဘယ်လိုသုံးသပ်မိလဲရှင့်။**

**Bp**။ ။သူတို့ရဲ့စားဝတ်နေရေးနဲ့ ပတ်သက်ပြီးပြော ရမယ်ဆိုရင် ကန့်ထဲမှာရှိနေတဲ့သူတွေကိုတော့ ထိုင်းအစိုးရက ကူညီပံ့ပိုးပေးတယ်။ မြန်မာနိုင်ငံကိုပြန်လာဖို့ ကူညီပေးနေသူတွေကတော့ အခုမှာကူညီမှုနှုန်း အခြေအနေတွေ အတော့်ကိုလျော့ချလိုက်တယ်။ အရင်ကဆိုထိုင်းအဖွဲ့၊ မြန်မာအဖွဲ့၊ ကရင်နီအဖွဲ့ စုပေါင်းပြီး တစ်ဖွဲ့တစ်ကဏ္ဍစီခွဲပြီး ကူညီခဲ့ကြတယ်။ ဒါပေမဲ့ အခုဆိုဒီမိုကရေစီ အခြေအနေထဲလှမ်းလာပြီးဆိုတော့ အဲ့ဒီဒုက္ခသည်စခန်းမှာရှိနေတဲ့ မြန်မာဒုက္ခသည်တွေကိုမြန်မာပြည်ကိုဘဲပြန်စေချင်တယ်။ ဆက်ပြီးမထောက်ပံ့ချင်တော့ဘူးဆိုတာမြင်ရသိရတယ်။ သူတို့ရဲ့အလုပ်အကိုင်နဲ့ပတ်သက်တာလေး ဆရာတော်မြင်ရသုံးသပ်မိသလောက် ပြန်ပြောရမယ်ဆိုရင်တော့၊ သူတို့လေးတွေဟာ တကယ်ပဲအထိန်းအကွပ်မဲ့၊ အကာအကွယ်မဲ့ဖြစ်နေတယ်။ အလုပ်အကိုင်မရှိ၊ လွတ်လပ်ခွင့်အပြည့်အဝမရှိ ဖြစ်နေတယ်။ ပေးတာယူ၊ ကျွေးတာစား ထားရာနေ ဖြစ်နေတယ်ဆိုတာမျိုးပေါ့။ စိတ်မကောင်းဖြစ်မိပါတယ်။ တစ်ချို့အဖွဲ့အစည်းတွေကတော့ လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာပညာရပ်အနည်းအကျဉ်း ပေးလုပ်စေတာတွေတော့ရှိတာပေါ့။ ကန့်အတွင်းမှာဆိုတော့ ဖွံ့ဖြိုးတိုးတက်မှုတော့ သိပ်တော့မရှိပါဘူး။ ဒါကြောင့်တစ်ချို့ဆို ကန့်အပြင်ဘက်ကိုခိုးထွက်ပြီး အလုပ်လုပ်ကြတယ်။ သေချာတဲ့ဘဝငြိမ်းချမ်းမှု လုံခြုံမှုမရှိပါဘူး။ မြန်မာပြည်ကိုတော့ ပြန်လာချင်တာတွေရှိပေမယ့် အခြေအနေက မပေးသေးဘူးဖြစ်နေပါတယ်။

**မေး။ ။ဒုက္ခသည်၏ အခက်အခဲအထူးသဖြင့် ကလေးများ၏ပညာရေးတစ်ချို့ကို ကူညီပေးနိုင်မယ်လို့ မျှော်လင့်ထားပါသလားရှင့်။**

**Bp**။ ။ပညာရေးနှင့် ပတ်သက်လို့ကတော့သူတို့ရဲ့ကန့်တိုင်းမှာတော့ စာသင်ကျောင်းတွေရှိတယ်။ ဒါပေမဲ့(၁၀)တန်းအထိဘဲရှိတယ်။ ဆရာ/မ ဆိုတာလည်း ကန့်ထဲက ကျောင်းသား/သူ တွေကိုဘဲ ကျောင်းပြီးတော့ လိုအပ်တဲ့သင်တန်းလေးတွေ၊ သင်ကြားပေးမှုတွေ လုပ်ပေးပြီး ဆရာ/မ ပြန်ခန့်တာဘဲဖြစ်တယ်။ ဒါပေမဲ့အခု သူတို့လေးရဲ့ လစာတွေကလည်းထိုင်းဘတ်(၂၀၀၀)ကနေ(၅၀၀)ဘဲရတဲ့အထိ ကျသွားတယ်။ (၁၀)တန်းအောင်ပြီးတဲ့သူတွေ အတွက်တော့ သက်ဆိုင်ရာကူညီနိုင်ရင်တော့ Online Education စနစ်နဲ့ ဆက်လက်ပညာသင်ယူတာပေါ့။ ဒါပေမဲ့လည်း လျှပ်စစ်မီးကအမြဲရတာမဟုတ်တော့ဘူး။ Media,Internet ကလည်းအမြဲမှီခိုလို့မရဖြစ်နေပါတယ်။

**မေး။ ။ အခုလိုသွားရောက် လည်ပတ်တွေ့မြင်သုံးသပ်ပြီးနောက်၊ အဲ့ဒီမှာရှိတဲ့လူတွေရဲ့ အခြေအနေအရပ်ရပ် အထူးသဖြင့် ဝိညာဉ်ရေးရာလိုအပ်မှုတွေမှာ The Role of the Church အနေနဲ့ ဘယ်လိုကူညီပေးနိုင်မလဲ၊ ကူညီပေးဖို့ အစီအစဉ်တွေရှိ သလားဆိုတာသိပါရ စေရှင့်။**

**Bp**။ ။အဖွဲ့အစည်းအမျိုးမျိုးက၊ နည်းမျိုးစုံပုံစံမျိုးစုံနဲ့ ကူညီနေတာလေး၊ ကျွန်ုပ်တို့လည်းသူတို့နဲ့ ပူးပေါင်းပြီးတော့လည်း ကူညီနိုင်တယ်။ အဲ့ဒီမှာရှိတဲ့ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူတို့ရဲ့ ကိုယ်ကျင့်တရားနှင့် ပတ်သက်ပြီး အများကြီးလုပ်ပေးဖို့လိုတယ်။ လုပ်ပေးဖို့ အစီအစဉ်တွေလည်းရှိပါတယ်။

**မေး။ ။အဲ့ဒီဒုက္ခသည်စခန်းကိုထပ်သွားဖို့အစီအစဉ်များရှိပါသလား၊ ဘယ်အချိန်လောက်မှာဖြစ်မလဲဆိုတာကို ပြောပြပေးလို့ရမလားရှင့်။**

**Bp**။ ။ ကိုယ်တော်ကတော့ အဲ့ဒီဒုက္ခသည်စခန်းကိုသွားဖို့ ဆန္ဒရှိတယ်။ သွားလည်းသွားခဲ့တယ် အခြေအနေပေးရင် ထပ်သွားဦးမှာပါ။

-----------

မော်လမြိုင်ဆရာတော် ရေမွန်စောဖိုးရေသည် ခြေထောက်ခွဲစိတ် ကုသမှုအပြီး ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းသို့ မိမိ၏သိုးစု ဘုရားသခင် သားသမီးတို့အား နှစ်သိမ့်ခွန်အားပေးရန် ကာဒီနယ်ကြီးများနှင့်အတူ တက်ကြွစွာသွားရောက်လည်ပတ် ကြည့်ရှုခဲ့၍ ဖြေကြားပေးသော ဆရာတော်ကြီးအား ဘုရားရှင်ကောင်းချီးပေးပါမည့်အကြောင်း ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

(CBCM.OSC)



# ဟားခါးသာသနာသတင်း

ဟားခါးသာသနာ၊ ကရုဏာရေး အဖွဲ့ KMSSနှင့်I.M.Oတို့ပူးပေါင်း၍ယခင် (၂၀၁၅)ခုနှစ်ကသဘာဝဘေးအင်္ဂါကြောင့် အိမ်မြေများပျက်စီးခဲ့သဖြင့် ဟားခါးဖလမ်း ကြားသီဖူလ်လမ်းခွဲသို့ပြောင်းရွှေ့ခံရသည့် ဒုက္ခသည်များအား ဇွန် (၁၆၊ ၂၀၁၆) ရက် နေ့တွင် အိမ်သုံးပစ္စည်းများဖြစ်သည့် မီးလုံး၊ အိုး၊ ကြမ်းခင်းကော်ဇော (အနွေး) စသည်များကို ကူညီထောက်ပံ့ပေးခဲ့ကြ ပါသည်။ ၎င်းအိမ်သုံးပစ္စည်းများမှာ မီးလုံး (၁၅၀)လုံး၊ အိုး(၁၀၀)လုံး၊ ကြမ်းခင်း ကော်ဇော(အနွေး) (၁၀၀)ချပ်နှင့် ထမင်း ချက်ပစ္စည်း(၄)မျိုး အပြည့်အစုံတို့ ဖြစ်ပါ သည်။

ယခင်နှစ်တွင်လည်းခွါဘဲ့(Khuabe)၊ ဘဲ့အိုတဲ့(Beute) ရွာမှ ဟားခါးမြို့သစ်၊ နေရာသစ်သို့ ပြောင်းရွှေ့ခြင်းခံရသော ဒုက္ခသည်များအားအိုးအလုံး(၁၀၀)၊ မီးလုံး (၁၀၀)လုံး၊ ကြမ်းခင်းကော်ဇော (အနွေး) (၁၀၀)ချပ်၊ လူကြီးဝတ်ခြေအိတ် (၂၇၅၀) လုံး၊ကလေးဝတ် ခြေအိတ်(၁၈၀၀)လုံး ကို ထောက်ပံ့ကူညီပေးခဲ့ပါသည်။ KMSS က အခြား သောက်ရေသန့်ဘူးများ၊ စား သောက်ကုန်ဖြစ်သည့် ဆန်၊ ပဲ၊ ဆီစသည် များအပြင်ရေနုတ်မြောင်း ဖောက်လုပ်ပေး ခြင်းဒုက္ခသည်အိမ်ယာသစ်များမှ ယခုနှစ် လေမုန်တိုင်းကြောင့်ပျက်စီးခဲ့သည်များကို လည်းပြန်လည်ပြင်ဆင်ပေးခြင်း စသည် များဆောင် ရွက်ပေးခဲ့ပါသည်။

စိုက်ပျိုးနည်းများကိုလည်း ဒုက္ခ သည်များအားသင်တန်းများပေးခဲ့သည်ဟု KMSSမှ တာဝန်ရှိသူဆရာ Dawt Lian Hmungကပြောကြားခဲ့ပါသည်။ ဒုက္ခသည် စခန်းမှ ကျေးဇူးတင်စကား ပြောကြား ကြောင်းကိုလည်းသိရှိရပါသည်။

(၁၉၊ ၆၊ ၂၀၁၆) ရက်နေ့တွင် ဟားခါး KMSS (Karuna Mission for Social Solidarity) မှကြီးမှူး၍ Chin Education Network Forum ဆွေးနွေး ပွဲကို St.Joseph Cathedral Hakka, Fr.Rayခန်းမဆောင်၌ကျင်းပခဲ့ကြပါသည်။ ဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ လူတိုင်း သည် ပညာရေးဘက်တွင်စိတ်ပါဝင်စားမှု ကြီးမားလာပြီး ပိုမို၍ကြိုးစား အား ထုတ်မှုရှိလာစေရန်၊ ဤဆွေးနွေးပွဲကို ပြု လုပ်ရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲသို့ လူ အများပါဝင်လာကြရန်၊ ဆွေးနွေးပွဲကို သုံး လတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ဆွေးနွေးပွဲ ပြုလုပ်ရခြင်းအား ဖြင့် ကျွန်ုပ်တို့ ချင်းလူမျိုးများသည် ပညာ ရေးဘက်တွင် သေချာတိုးတက်မှုရှိ လာ မည်ဟုယုံကြည်ကြောင်း၊ KMSS မှ Co-ordinator James Ngun Hre က ပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ချင်းပြည်နယ် ပညာရေးမှူးနှင့် လက် ထောက်ပြည်နယ် ပညာရေးမှူး (၃)ဦး၊ ဟားခါးမြို့ပေါ်ရှိဘော်ဒါဆောင်အသီးသီးမှ အဆောင်မှူးများနှင့် ဆရာ/မ များ၊ ဟားခါးမြို့ပေါ် Medinaမှ တာဝန်ရှိသူများ၊ KMSS မှဝန်ထမ်းများနှင့် စာပေဝါသနာရှင် များစုစုပေါင်း(၅၀) ခန့်တက်ရောက်ဆွေး နွေးခဲ့ကြပါသည်။ ယခုအချိန်တွင် KMSS မှ မူကြိုကျောင်းသူ/သားများအားကျောင်း စာသင်ပေးနည်းကိုလည်းမူကြိုဆရာမများ အားသင်တန်းပေးလျက်ရှိကြောင်းထိုသင် တန်းသို့ ဟားခါးမြို့နယ်မှ ဆူရ်ခွါး၊ ဆာဒ် တား၊ လေပီး၊ ကန်တလန်မြို့နယ်မှ နာ ရိန်း၊ ခွါယရန်းထန်အောဆူရ်လင်းဖလမ်း မြို့နယ်မှ ဝေဘုလ၊ မတူပီမြို့နယ်မှ ရေဇွာနှင့်ကလေးမြို့နယ်မှကြာအင်း၊ သန် မျိုးချောင်းခွကျေးရွာမှ မူကြိုဆရာမများနှင့် သီလရှင်များ စုစုပေါင်း (၁၆)ဦး တက် ရောက်နေကြကြောင်း၊ ဖလမ်းမြို့တွင် လည်း သင်တန်းပြုလုပ်ရန် အစီအစဉ်ရှိ ကြောင်းကိုလည်း J.Ngun Hre မှပြော ကြားပါသည်။

ထို့ပြင် ဟားခါးKMSS မှ Project Coordinator Dominic ကဦးစီးဦးဆောင် ပြု၍ Productive Agriculture Through Engagement (PACE Project)သင်တန်း ကိုလည်းဇူလိုင်(၁)ရက်မှ(၃)ရက်၊(၂၀၁၆) အထိ ဟားခါးဆရာတော်ကျောင်းတိုက် တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ၎င်းသင် တန်းကို LIFT Catholic Relief Services-USA မှ ကူညီပံ့ပိုးခြင်း ဖြစ်ကြောင်း၊ ၎င်း သင်တန်းတွင်ကောင်းမွန်သောသင်တန်း များရရှိအောင် မည်သို့မည်ပုံ ဆောင်ရွက် စိုက်ပျိုးပြုစုရမည့်အကြောင်းနှင့် ထွက်ရှိ လာသောသီးနှံများကို မည်ကဲ့သို့ချက် ပြုတ် စားသောက်ရမည်ဆိုသည့် အချက် များကို အဓိကထား၍ သင်ကြားပေးခဲ့ ကြောင်း၊ကျေးရွာများသို့လည်းသွားရောက် ၍ သင်တန်းပေးခြင်း၊ ဆွေးနွေးခြင်း များပြုလုပ်သွားမည်ဖြစ်ကြောင်းစိတ်ပါဝင် စားသူများအား မျိုးစေ့များရှာဖွေ ထောက် ပံ့ပေးသွားမည် ဖြစ်ကြောင်းနှင့် သင်တန်း သို့ ဟားခါး၊ ဖလမ်းနှင့် ရေဇွာလုပ်ငန်း နယ်ပယ်များမှ KMSS ဝန်ထမ်းသစ် အယောက်(၂၀)တို့အား ပထမသင်တန်း ပေး၍၊ ၎င်းမှတဆင့် ကျေးရွာလူထုထံသို့ တဆင့်ပြီးတဆင့် ဟောပြောသွားမည် ဖြစ် ကြောင်း Project Coordinator Dominic မှ ပြောကြားခဲ့ကြောင်း သတင်းရရှိပါ သည်။

# ဘားအံသာသနာလုံးဆိုင်ရာ ကက်သလစ် အမျိုးသမီးကော်မရှင် (၄) လပတ်တွေ့ဆုံခြင်း

ဘားအံသာသနာလုံးဆိုင်ရာ အမျိုးသမီးကော်မရှင် (၄) လပတ် တွေ့ဆုံစည်းဝေးခြင်းကို သိမ်ဆိပ်သာသနာ၌ ၁၅၊၆၊၂၀၁၆ ဗုဒ္ဓဟူးနေ့တွင် ကျင်းပခဲ့ပါသည်။ အခမ်း အနားအစီအစဉ်ကို သိမ်ဆိပ်သာသနာ ဘုန်းတော်ကြီး Fr.အဲဒက်ဆဲ့မှ အဖွင့်ဆုတောင်း၍ ထုံဘိုကွေ့သာသနာ ကျောင်းထိုင်ဘုန်းတော်ကြီး Fr. ဘိုနီမှ အမျိုးသမီးများအား အစေခံရန်၊ အသေခံခဲ့သော ခရစ်တော်၏လမ်းကိုအတုယူလျှောက်လှမ်းရန်နှင့် အစေခံရာလမ်းသည် ပန်းခင်းလမ်းမဟုတ် ဝေဒနာလမ်းဖြစ်၍ စေတနာပါရန်လိုကြောင်း ဩဝါဒပေးခဲ့သည်။

Sr.ဖလောရာမှလည်း မိမိတို့အသက်တာ ပြန်လည်ဆန်းစစ်ရန် ဦးဆောင်ပေးခဲ့ပါသည်။ သာသနာတစ်ခုစီမှ အမျိုးသမီးများကလည်း ဓမ္မသီချင်းများဖြင့် ကျေးဇူးတင် ကျူးပေလျက် ချီးမွမ်းခဲ့ကြပါသည်။ နေ့လည်(၁၂)နာရီတွင် မစ္ဆားတရားပူဇော်ကြကာ နေ့လည်စာစားသုံးကြသည်။ ထို့နောက် (၁)နာရီတွင် အစီအစဉ်ပြန်စ၍သာသနာတိုင်း၏ လုပ်ဆောင်ချက်များ ဖတ်ကြားဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုရွေးချယ်ခဲ့ပါသည်။ အစီအစဉ်ကို ညနေ(၄)နာရီတွင် ကျေးဇူးတင်ဓမ္မတေးသီဆိုခြင်းဖြင့် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။ အစည်းအဝေး၌ Sr.(၅)ပါး နှင့် အဖွဲ့ဝင်ဦးရေ(၄၀)ခန့်ပါဝင်ခဲ့ပါသည်။ **(Hpa-An-Osc)**

# YCWA (ကက်သလစ်လုပ်သားလူငယ်တမန်တော်) အဖွဲ့ကို အောင်မြင်စွာဖွဲ့စည်း

**ရန်ကုန်ဂိုဏ်းချုပ်သာသနာ**

ဇူလိုင်လ (၂) ရက် ၂၀၁၆ နေ့တွင် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး Fr.Jame@ တင်မောင်ထွေး၏ လမ်းညွှန်မှုဖြင့် YCWA (ကက်သလစ်လုပ်သား လူငယ်တမန်တော်) အဖွဲ့ကို အောင်မြင်စွာ ပြန်လည်ဖွဲ့စည်း ခဲ့သည်။ အဖွဲ့အစည်းကို လူငယ်တာဝန်ခံဘုန်းတော်ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ ဝိညာဉ်တော်၏ လမ်းညွှန်မှုဖြင့် အဖွဲ့အစည်း အတွက်(၂)နှစ်တိတိဆက်ကပ်မည့် လူငယ် (၁၀) ဦးကို ရွေးချယ်ခဲ့ပါသည်။ ကက်သလစ်လုပ်သားလူငယ်များ၏ဝိညာဉ်ရေးနှင့် အလုပ်အကိုင်များစီမံကိန်းများရေးဆွဲပြီး ကောင်းမွန်စွာဆက်ကပ်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**သတင်းပို့သူ - ကိုပီတာ@ စိန်ဖရန်စစ် (YCWA President)**

# ဂေါပကအကျိုးဆောင်အဖွဲ့နှင့် လူငယ်အကျိုးတော်ဆောင်အဖွဲ့တို့အားစေလွှတ်ခြင်းအခမ်းအနား

ရန်ကုန်ဂိုဏ်းချုပ်သာသနာ မင်္ဂလာဒုံမြို့နယ်ရှိစိန့်အက်ဒွက်သာသနာတွင် ဇူလိုင်လ(၃)ရက် တနင်္ဂနွေနေ့၌ သာသ နာ၏ဂေါပက အကျိုးတော်ဆောင်အဖွဲ့ (၁၅)ဦးနှင့် လူငယ်အမှုတော်ဆောင် အဖွဲ့ (၁၇)ဦးတို့အား သာသနာလယ်ကွင်းသို့ စေလွှတ်ခြင်း အခမ်းအနားကို နံနက် (၈း၀၀) နာရီ မစ္ဆားတရားတော်မြတ်၌ ရဟန်းဩဝါဒအပြီးတွင် ပြုလုပ်ခဲ့ရာ မစ္ဆား တရားတော်မြတ်ကို ပါဝင်ကျင်းပသော ညီအစ်ကိုမောင်နမ (၁၅၀)ကျော်တို့သည် လည်း အတူတကွပါဝင်ဆုတောင်း ပေးခဲ့ ကြပါသည်။ ဤအခမ်းအနားမစတင်မီ ကျောင်းထိုင်ဘုန်းတော်ကြီးမှ ကျင်းပပြု လုပ်မည့်အစီအစဉ်၏ ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်တို့ကို ဘာသာတူတို့အားလည်း ကောင်း၊စေလွှတ်ခြင်းခံရသောသူများအား လည်းကောင်း၊ရှင်းလင်းတင်ပြခဲ့ပြီး သာသ နာတော်၏ အကျိုး၊ ညီအစ်ကိုမောင်နမ ဘာသာတူများတို့၏ဝိညာဉ်တိုးတက်ဖို့ရန် နှိမ့်ချပေးဆပ်တတ်သော စိတ်ထားဖြင့် ဆက်ကပ်ရန်လိုကြောင်း၊ အချင်းချင်းတစ် ဦးနှင့်တစ်ဦးညီညွှတ်ရိုင်းလျှက် မည်သည့်အရာ မဆိုအတူတကွလက်တွဲ လုပ်ဆောင်ရန် လိုကြောင်း ပြောကြားခဲ့ပါသည်။ ဂေါပက အကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် လူ ငယ်အမှုတော်ဆောင် အဖွဲ့ဝင်တို့အား



သမ္မာကျမ်းစာနှင့် ခရစ်တော်၏နာမတော် ၌ရေးသားပြုစုထားသောတာဝန်ပေးအပ်နှ လွှာကို ကျောင်းထိုင်ဘုန်းတော်ကြီးမှ ပေး အပ်ခဲ့ပါသည်။

(Sr.L.Marie SPS)





# မြစ်ကြီးနား ကက်သလစ်သာသနာ တိုက်နယ်ဘုန်းတော်ကြီးများ၏ လစဉ်ပုံမှန် အစည်းအဝေးနှင့် ဝတ်စောင့်ခြင်းကျင်းပပြီးစီး

မြစ်ကြီးနား ကက်သလစ်သာသနာတိုက်နယ် ဘုန်းတော်ကြီးများ၏ လစဉ်ပုံမှန် အစည်းအဝေးနှင့် ဂတ်စောင့်ခြင်းကို ဇူလိုင်လ(၆) ရက်နေ့တွင် စိန်ကိုလန်ဘန်ကာသီဒြယ်၌ နံနက် (၉း၀၀) နာရီမှ ညနေ (၆း၀၀)နာရီထိတစ်ရက်တာ ပြုလုပ်ကျင်းပခဲ့သည်။ ၄င်းအစည်းအဝေးနှင့် ဝတ်စောင့်အစီအစဉ်တွင် ဂိုဏ်းအုပ်ဆရာတော်ကြီးဖရန်စစ်ဒေါ့တန်က "ဒီနှစ်ဟာ ဘုရားသခင်ရဲ့ သနားကြင်နာခြင်းဂျူဘီလီနှစ်ဖြစ်တဲ့အတွက် ဘုန်းတော်ကြီးများဟာဘာသာဝင်တွေရဲ့ ဝိညာဉ်ရေး၊ လူမှုရေး၊ ဘာသာရေး နယ်ပယ်အသီးသီးမှာယခင်ထက်ပိုမို နီးကပ်စွာ လက်တွဲကူညီပေးရန် လိုအပ်သည်"ဟု အထူးတိုက်တွန်းခဲ့ကြောင်း ဖာသာရ် ဒေါက်တာ ပီတာခါးအောင်တူးက ပြောကြားခဲ့သည်။ အဆိုပါ အစီအစဉ်တွင် ဂတ်စောင့်ခြင်းကို နံနက်ပိုင်းနှင့် အစည်းအဝေးကို ညနေပိုင်းတွင်ကျင်းပခဲ့ပြီး ဘုန်းတော်ကြီးအပါးပေါင်း (၃၆) ပါးက တက်ရောက်ပါဝင်ခဲ့ကြောင်းသိရသည်။ ဘုန်းတော်ကြီးအသီးသီးမှ လ၏ဒုတိယပတ်တွင် ကောက်ခံရရှိသော အလှူငွေများကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဂေဟာ (ဘ၀သစ်ပြန်လည်ထူထောင်ရေးဂေဟာ) အတွက် ကောက်ခံ သွားရန် အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုခဲ့ကြောင်း သိရသည်။



မြစ်ကြီးနားသာသနာ တိုက်နယ်ဘုန်းတော်ကြီးများ၏လစဉ် ပုံမှန်ဂတ်စောင့်ခြင်းနှင့် အစည်းအဝေးကို လ၏ ပထမပတ် (ဗုဒ္ဓဟူးနေ့)တွင် ပုံမှန်ပြုလုပ်နေကြောင်း သိရသည်။

*ဂျွန် ဆိုင်းလတ်အောင်*

# ဘော်ဒါထိန်းများ အရည်အချင်းမြှင့်သင်တန်း အမှတ်စဉ်(၂)

လွိုင်ကော်ကက်သလစ်သာသနာ နောင်ယား(ခ) စိန်ဘေနစ်ဒစ် ဝိညာဉ်ရေးရာရိပ်သာ၌ လွိုင်ကော်ကက်သလစ် သာသနာပညာရေးကော်မရှင်အဖွဲ့မှ ကြီးမှူးကျင်းပသော ဘော်ဒါထိန်းများအရည်အချင်းမြင့်သင်တန်းအမှတ်စဉ် (၂)ကို ဆရာမ ခွန်ဂျာ (ECE) မှ ဦးဆောင်ပို့ချလျှက် ၂၃၊၆၊၂၀၁၆ မှ ၂၇၊၆၊၂၀၁၆ ရက်နေ့အထိ (၅)ရက်တိုင်တိုင်ကျင်းပခဲ့သည်။ သင်တန်း၏ ပထမနေ့တွင် ယခင်နှစ် ဘော်ဒါထိန်း အရည်အချင်းမြင့် သင်တန်းအမှတ်စဉ် (၁)၏ ရလဒ်ကို ပြန်လည်သုံးသပ် ပြီးနောက် ဘော်ဒါကျောင်းများ၌ တွေ့ကြုံရနိုင်သည့် ပြဿနာဖြေရှင်းနည်းကို ဆွေးနွေးခဲ့ကြသည်။ မှတ်သားဖွယ်ရာ ဘော်ဒါကျောင်းပြဿနာဖြေရှင်းနည်းများမှာ -

(၁) ပြဿနာ၏ အကြောင်းရင်းကို သေချာရှာဖွေဆန်းစစ်ရန်။

(၂) ဖြစ်နိုင်ချေရှိသော အချက်အလက်နှင့် အကြံဉာဏ်ရယူရန်။

(၃) နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးရှိစေမည့် နည်းလမ်းရွေးချယ်ရန်။

(၄) လုပ်ဆောင်ရလွယ်သောနည်းလမ်းကိုရွေးချယ်ရန်နှင့်

(၅) လက်တွေ့လုပ်ဆောင်ပြီးလျှင် ပြန်လည်သုံးသပ်ရန်၊ စသည်တို့ဖြစ်သည်။

ထို့နောက်တွင် ဆယ်ကျော်သက်များဖွံ့ဖြိုးရေးအဆင့်ဆင့်နှင့် ၎င်းဖွံ့ဖြိုးရေးတလျှောက်လုံးတွင် အထူးပင် ဂရုစိုက်ပျိုးထောင်သင့်ကြောင်း၊ ဆယ်ကျော်သက်အရွယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးအဆင့်တွင် အသက် (၁၁- ၁၄) နှစ်ကို အစောပိုင်းဖွံ့ဖြိုးမှုအဆင့် ၊ (၁၄-၁၇)ကို အလယ်ပိုင်းဖွံ့ဖြိုးမှုအဆင့် ၊ (၁၈-၂၁)ကို နောင်းပိုင်းဖွံ့ဖြိုးတိုးတက်မှု ဟူ၍ ခွဲခြမ်းထားကြောင်း၊ ၎င်းဖွံ့ဖြိုးမှုများ၌လည်း စိတ်စွမ်းအား၊ ဉာဏ်ရည်စွမ်းအား၊ ရုပ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာနှင့် လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ စသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဂရုစိုက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ သင်တန်း၏ ဒုတိယနေ့ဖြစ်သော (၂၄)ရက်နေ့တွင် (J.R.S) မှ ဆရာ Aloysius Apo က ကလေးအခွင့်အရေးဟူသော ခေါင်းစဉ်ဖြင့် ကလေးအခွင့်အရေးဆိုင်ရာ အကြောင်းကဏ္ဍများကိုလည်း တင်ပြပေးခဲ့သည်။ ကလေးများတွင် ခေတ်သစ်သင်ယူမှုပညာ (၈)မျိုးရှိသည်။ ၎င်းတို့မှာ (၁) သဘာဂကိုသိမြင်နိုင်စွမ်း၊ (၂) အတွင်းစိတ်သဘောဖြင့်နားလည်ခြင်း၊ (၃) လူမှုရေးဆိုင်ရာ၊ (၄) ဘာသာစကားဗေဒ၊ (၅) ခန္ဓာကိုယ်လှုပ်ရှားမှု၊ (၆) ဂီတစွမ်းရည်၊ (၇) တည်ငြိမ်စိတ်ကူးဉာဏ်ရည်၊ ရုပ်တိဗေဒနှင့် သချာ်ဉာဏ်ရည် စသည်တို့ဖြစ်သည်။

သို့သော် ကလေးအသီးသီးသည် သင်ယူပုံအသီးသီး၊ မိမိတို့၏ အခြေအနေ လိုက်ကွာခြားပုံများရှိကြောင်း ရှင်းလင်းတင်ပြပေးသွာခဲ့သည်။ ထို့နောက် ကလေးများ အားအပြစ်ဒဏ်ပေးခြင်းနှင့် ပတ်သက်၍ဝေမျှတင်ပြရာတွင် ဘော်ဒါထိန်းများက မိမိတို့ ၏ဒေါသအလိုက် ကလေးများကို ပြစ်ဒဏ်မစီရင်သင့်ကြောင်း၊ တခါတလေအမှားနှင့်ပြစ်ဒဏ်မညီမျှခြင်းကြောင့် ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာတွင် များစွာ ထိခိုက်စေနိုင်ကြောင်းနှင့်ပြစ်ဒဏ်ပေးခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုလည်းပြောကြားပေးခဲ့သည်။ အုပ်ထိန်းသူများ၌ရှိတတ်သောသဘောထားများဖြစ်သည့် -

- ကလေးက မိမိအားနားလည်စေချင်သောသဘော
- မိမိ၏ခံစားမှုနှင့် ပြဿနာကို မသက်ဆိုင်သော ကလေးဆီကို ပုံချပေါက်ကွဲတတ်သောသဘော



- ခွဲခြားဆက်ဆံတတ်သောသဘော စသည်တို့သည် ကလေးများ၏ အခွင့်အရေးနှင့် တိုးတက်မှုကို ထိခိုက်စေနိုင်သောကြောင့် သတိထားရှောင်ကျဉ် ရန်လိုအပ်ကြောင်း ပညာပေးပြောကြားခဲ့သည်။

၂၅၊၆၊၂၀၁၆ တတိယနေ့တွင် ဂရုဏာအဖွဲ့မှ ဆရာ Eusepio က ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ကဏ္ဍကိုလည်းတင်ပြခဲ့ရာ ဖွံ့ဖြိုးတိုးတက်ရေး၏ သဘောတရားတွင် ပေးကမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အသွင်သဏ္ဍာန်ပေါ်လာသည့်အထိ ထိရောက်စွာ ကူညီရမည်ဖြစ်သည်။ ဆိုလိုသည်မှာ "တစ်ဦးဦး(သို့) အသင်းအဖွဲ့တခုခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းလမ်းပေးရုံဖြင့် မလုံလောက်ပေ၊ ပေးကမ်းကူညီနိုင်သောဘက်မှ တတ်နိုင်သလောက် ကူညီပေးကမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကိုလုပ်ဆောင်ကူညီပေးရမည်ဖြစ်သည်" ဟု ဆရာ Eusepio က ရှင်းလင်းဝေမျှပေးသွားခဲ့ပါသည်။

၂၆၊၆၊၂၀၁၆ တွင် (GSM) မှ ဆရာမ အိုင်ရင်းက စားသုံးသူပညာပေးရေးဆိုင်ရာ လိုအပ်သော နည်းပညာအကြောင်းကို တင်ပြပေးခဲ့သည်။ ကြက်ခြေနီအဖွဲ့မှ ဆရာဦးမျိုးတင့်ကလည်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းဆိုင်ရာအကြောင်းသိကောင်းစရာကို အကျယ်တဝင့် ရှင်းလင်းပေးခဲ့ရာ ကျွန်ုပ်တို့သည် သဘာဝတရားကို နားထောင်တတ်ရန်၊ နားထောင်ပေးရန်လိုအပ်ကြောင်းနှင့် ရေဒီယို သတင်းစာများကို အမြဲမပြတ်နားထောင်ရန် လိုအပ်ကြောင်း၊ လိုအပ်သောကူညီမှုများကို အချိန်မှီပေး နိုင်ရန်ဖြစ်ကြောင်း ပြောပြပေးခဲ့သည်။ ၂၇၊၆၊၂၀၁၆ သင်တန်းအပိတ်နေ့တွင် ပြီးခဲ့သောရက်များကတင်ပြခြင်းများနှင့် ဘော်ဒါတို့၏အတွေ့အကြုံ အသိပညာများကို အပြန်အလှန်ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ သင်တန်းဆင်းလက်မှတ်ပေးခြင်းအခမ်းအနားသို့ လွိုင်ကော်ကက်သလစ်ဆရာတော် စတီးဖင်းတျေးဖဲ ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့သည်။ ထို့နောက်သင်တန်းတက်ရောက်သူများအား သင်တန်းဆင်းလက်မှတ်ကို ပေးအပ်ကာ နေ့လည်စာကို အတူသုံးဆောင်ခဲ့ကြပြီး ဘော်ဒါထိန်းအရည်အချင်းမြင့်သင်တန်းအမှတ်စဉ် (၂) ကို အောင်မြင်စွာ အဆုံးသတ်ပြီးစီးခဲ့ပါသည်။ ၎င်းဘော်ဒါထိန်းသင်တန်းသို့ သက်ဆိုင်ရာ ဘုန်းတော်ကြီးများ၊ စစ္စတာရ်များနှင့် ဘရာသာရ်များအပါအဝင် ဘော်ဒါထိန်း ဆရာ/ဆရာမ စုစုပေါင်း (၃၀) ကျော်တက်ရောက်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**Sr.မော်နီကားမန် (SCCG)**

# Formators များတွေ့ဆုံခြင်း

ရန်ကုန်ဂိုဏ်းချုပ်ကက်သလစ်သာသနာ၊ CRCM တွင် ဖွန်လ (၃-၅) ရက်အထိ Formators တွေ့ဆုံခြင်း အစည်းအဝေးပွဲတစ်ခုကို (၃)ရက်တာ အတွင်း ချောမောစွာပြီးစီးခဲ့သည်။ ထိုတွေ့ဆုံပွဲတွင် Fr.မာရိုးယားနို စိုးနိုင်(SDB)က အဓိက စုစည်း တင်ပြသူအဖြစ် ဦးဆောင်ပြုလုပ်ခဲ့သည်။ သင်တန်း၏ပထမနေ့တွင် "Human Formation" ခေါင်းစဉ်ဖြင့်အစရှိကာ Formation၏ အဓိက ဦးတည်ချက်ဖြစ်သော- ရဟန်း၊ သီလရှင်နှင့် သူတော်စင်ဘောင်ဝင်လိုသော လူငယ်မောင်မယ်များသည် ဘုရားရှင်ထံ မိမိကိုယ်ကိုလွတ်လပ်စွာ ဆက်ကပ်နိုင်ရန်၊ ထိုသို့ ဆက်ကပ်ရာ ပြင်ဆင်ခြင်းလမ်းတစ်လျှောက်တွင် ခရစ်တော်ကိုသာ စံထားအတုယူရန်နှင့် ထိုကဲ့သို့သော Formationကိုယူခြင်းအားဖြင့် မိမိတို့၏ဘဝအသက်တာကိုအကောင်းဆုံးပြုပြင်ပြောင်းလဲသွားစေရန်ဖြစ်ကြောင်းသိရပါသည်။ Vita Consercrata(V.C 65/71)ကိုအခြေခံ၍ Human Formation အကြောင်းတင်ပြဝေမျှရာ၌ Human Formation ဟုဆိုရာတွင် ပထမဦးစွာ မိမိကိုယ်ကိုသိရန်နှင့်လက်ခံတတ်ရန်အရေးကြီးကြောင်း၊ ထိုသို့ မိမိကိုယ်ကိုသိ၍လက်ခံနိုင်ရန်မှာ Affective maturity ကအရေးကြီးကြောင်း၊ အများနှင့်ပေါင်းသင်း ဆက်ဆံတတ်ရန်၊ တည်ငြိမ်ရင့်ကျက်သောစိတ်ထားရှိရန်၊ သနားကြင်နာတတ်သောသူဖြစ်လာစေရန်နှင့်အပြောနှင့်အလုပ်ထပ်တူကျအောင် လုပ်ဆောင်တတ်သောသူများ ဖြစ်လာစေရန်ဝင်လိုသူများကိုသွန်သင်ညွှန်ပြပေးရမည်ဖြစ်ကြောင်းတင်ပြပေးသွားခဲ့သည်။

သင်တန်း၏ဒုတိယနေ့တွင် Affective maturity အကြောင်းအကျယ် တဝင့်ပြန်လည် တင်ပြဝေမျှပေးရာ Affective maturityတွင် မျှတ၍မှန်ကန်သော ပေါင်းသင်းဆက်ဆံရေးတစ်ဦး တစ်ယောက်တည်းကိုသာညိုတွယ်ခြင်း မရှိသောအချစ်စစ်၊ မေတ္တာမှန် ရှိရန်လိုအပ်ချက်များသည်အဓိကဖြစ်ကြောင်းနှင့် Affective maturity တွင် အနစ်နာခံ ပေးဆပ်ခြင်းမရှိလျှင် စစ်မှန်သောမိတ်ဆွေ အပေါင်း အသင်းများ မရှိနိုင်ကြောင်း မှတ်သားရပါသည်။ Affective Maturity နှင့် ပတ်သက်၍ ရဟူန္တာ ပုပ်ဂွန်ပေါလ်(၂) ကလည်း စစ်မှန်၍ တာဝန်ယူ တတ်သော ချစ်ခြင်းမေတ္တာ သင်ခန်းစာတစ်ခု၏ ရလဒ် အဖြေသည် Affective Maturity ဖြစ်သည်။

စစ်မှန်သောချစ်ခြင်းမေတ္တာကို လူသား၌ဦးစွာတည်ရှိရှင်သန်စေ နေနိုင်မှသာ ဘုရားဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။ အချုပ်အားဖြင့်ဆိုရလျှင် Affective Maturity သည် တာဝန်ယူတတ်ခြင်းနှင့် ပေးဆပ် အနစ်နာခံတတ်ခြင်း အပေါ်မှာ အခြေခံနေပါသည်။ Affective Maturity ရှိသူတစ်ဦး၏ လက္ခဏာ သွင်ပြင်များမှာ မိမိ၏အသက်တာကို ဘုရားပေးလက်ဆောင်တစ်ခုအဖြစ် မှတ်ယူတတ်ခြင်း၊ ပေးဆပ်ခြင်းဖြင့်လုပ် ဆောင်ခြင်း၊ တစ်ပါးသူကိုတန်ဖိုးထားချစ်ခင်တတ်ခြင်း၊ အများနှင့်ဖြစ်စေတစ်ဦးတည်းဖြစ်စေ အဆင်ပြေစွာနေတတ်ခြင်းနှင့် မိမိတို့၏ ခံစားချက်၊ အတွေးအခေါ်၊ ဆန္ဒနှင့်အကျင့်တို့ကို ကောင်းမွန်စွာထိန်း ကျောင်းတတ်သော သူများလည်းဖြစ်သည် ဟူ၍သိရှိရသည်။

တတိယနေ့တွင်မူ Responsible Freedom ခေါင်းစဉ်ဖြင့် ဆက်ကပ်သောအသက်တာ အသက်တာတွင် စစ်မှန်၍ မှန်ကန်သောရွေးချယ်သော မှုတစ်ခုပြုလုပ်တတ်ရန် ရည်ရွယ်လျက် Fr.မာရိယားစိုးနိုင်က ဆက်လက်ဆွေးနွေးတင်ပြခဲ့ရာ Responsible Freedom ဟုဆိုရာ၌ ရွေးချယ်မှုကို ပြုလုပ်သူသည် တာဝန်ယူတတ်စွာ၊ လွတ်လပ်မှုဖြင့် ရွေးချယ်ရမည်ဖြစ်ကြောင်း၊ မိမိ၏လွတ်လပ်မှု၌ ရွေးချယ်မှုတစ်ခုကို ပြုလုပ်ပြီးသောအခါ၌လည်း ၎င်းရွေးချယ်မှုအပေါ်တွင် တာဝန်ယူလုပ်ဆောင်တတ် ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ ထို့ကြောင့် Formator အနေ ဖြင့် မိမိတို့၏ လက်အောက်ငယ်သားများကို ထိုသို့ပြုလုပ်နိုင်ရန် သွန်သင်ပေးရမည်ဖြစ်သည်။ မိမိက လွတ်လပ်ခွင့် (freedom) ပေးသည်ဆိုရာ၌ ဘာအတွက်၊ ဘာကြောင့်ပေးရကြောင်း၊ ၎င်းကိုသေချာစွာ နားလည်သဘောပေါက်အောင် ပြောပြ ပေးရပါမည်။

မိမိ၏လွတ်လပ်မှုအလျောက် ရွေးချယ်ပြုလုပ်ရာတွင် မိမိ၏ ဩတ္တပ္ပစိတ်နိုးဆော်သံကို သေချာနားထောင် ရန်လိုအပ်ကြောင်း၊ ၎င်း၏ conscience (ဩတ္တပ္ပစိတ်) ကောင်းစွာ လှုပ်ရှားနိုင်ရန် လိုအပ်သည့် အသိပညာဗဟုသုတများကိုလည်း ပေးရမည်ဖြစ် ကြောင်းတင်ပြပေးသွားခဲ့သည်။ ၎င်းတို့၏ conscience ကိုပုံသွင်းရာတွင် မိမိက သူတို့၏ လုပ်ဆောင်မှုရလဒ် အဆိုးအကောင်း၊ အကျိုးအကြောင်းကို သူတို့အား လေးစားမှု အပြည့်ဖြင့် လက်ခံနိုင်လောက်သော ဝေဖန်သုံးသပ်ပေးခြင်းကို ပွင့်လင်းစွာပြောပေးခြင်းနှင့် တာဝန်မယူတတ်ခြင်းသည် အပြစ်ဖြစ်စေတဲ့အထိ ဖြစ်တယ်ဆိုတဲ့ အသိမျိုးကို သေချာနားလည်အောင်ပြောပြပေးရမည်ဖြစ်ကြောင်း မှတ်သားဖွယ်ရာများ လေ့လာခဲ့ရပါသည်။

၎င်းတွေ့ဆုံမှုသင်တန်းတွင် သူတော်စင်ဂိုဏ်း(၂၄)ဂိုဏ်းအသီးသီးရှိ Formators များ (၅၈)ဦးပါဝင်တက်ရောက်လျက် မြန်မာတစ်ပြည်လုံးအတိုင်းအတာနှင့် Formators ကဏ္ဍ တိုးတက်လုပ်ဆောင်ရန် တင်ပြချက်များကိုအတူလေ့လာခဲ့ပြီး ညနေပိုင်းတွင် နေ့အလိုက်တင်ပြခဲ့သောခေါင်းစဉ်နှင့်ဆိုင်ရာ အချက်အလက်များကို ပြန်လည် သုံးသပ်ခြင်း၊ ဝေမျှခြင်းများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

Sr.L.P (SCCG)

## ရဟန်းဝါတော်(၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီရှင် Rev. Fr.Peter Than အားဂုဏ်ပြုခြင်း(တောင်ကြီး)

ရဟန်းဝါတော်(၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီရှင် Rev. Fr.Peter Than အားဂုဏ်ပြုခြင်းအခမ်းအနားတစ်ရပ်ကို တောင်ကြီးမြို့ စိန့်ဂျိုးဇက် ကက်သလစ် ဘုရားရှိခိုးကျောင်းတော်ကြီးတွင်ပြုလုပ်ကျင်းပခဲ့ပါသည်။ (၂၉၊ ၆၊ ၂၀၁၆)ရက် နံနက်(၆း၀၀) နာရီအချိန်တွင် ဂျူဘီလီရှင်မှဦးဆောင်၍ ဆရာတော်(၂)ပါး၊ ရဟန်းတော်(၃၈) ပါး၊ ကိုရင်၊ သီလရှင်များ၊ ဘာသာသူ(၅၀၀)တို့နှင့်အတူ ကျေးဇူးတင်မစ္ဆားတရားတော်မြတ်ကို တင်ပူဇော်ခဲ့ပါသည်။ညနေပိုင်းတွင်ဂုဏ်ပြုပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့်ည (၇း၀၀)နာရီအချိန်တွင်စတင်ခဲ့သည်။ ၎င်းဖျော်ဖြေရေးအစီအစဉ်တွင် ရဟန်းများ၊ အသင်းဂိုဏ်းအသီးသီးမှ ကိုရင်၊ သီလရှင်များ၊ ကျောင်းသူကျောင်းသားများ၊ လူငယ်များနှင့် အသင်းအဖွဲ့အသီးသီးမှ အားတက်သရောပါဝင်ကပြသီဆိုကာ ဂုဏ်ပြုခဲ့ကြပြီး ည(၁၀)နာရီ တွင် အပိတ်ဆုတောင်းမေတ္တာဖြင့် ဆုတောင်းကြကာ Rev. Fr.Peter Than အားဂုဏ်ပြုခြင်းအခမ်းအနားတစ်ရပ်ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ (TG –OSC)

## အပတ်စဉ်သမ္မာကျမ်းစာသင်တန်း (တောင်ကြီး)

တောင်ကြီးမြို့ သမ္မာကျမ်းစာ တမန်တော် လုပ်ငန်းအဖွဲ့မှ အပတ်စဉ်စနေနေ့တိုင်း သမ္မာကျမ်းစာပို့ချခြင်းကို (၂၊ ၇၊ ၂၀၁၆)တွင် ပြုလုပ်ပေးခဲ့ပါသည်။ နှုတ်တော်ထွက်စကားကို အပတ်စဉ်လာရောက်နာယူ၊ သင်ယူသောကျောင်းသူကျောင်းသားများ (၄၀)ခန့်ရှိပြီး နှုတ်တော်ထွက် စကားကိုပိုမို ထိရောက်စွာ လေ့လာသင်ယူနိုင်ရေးကိုရှေးရှုပြီး တာဝန်ခံဘုန်းတော်ကြီး AT Paul ဦးဆောင်သော သမ္မာကျမ်းစာတမန်တော်လုပ်ငန်းမှ ကျောင်းသူ(၂၁)ဦးကို သမ္မာကျမ်းစာ တစ်အုပ်စီ ပေးအပ်သည့်အခမ်းအနားပြုလုပ်ခဲ့သည်။ သမ္မာကျမ်းစာအားဖြင့် အသက်ရှင်နေထိုင်သွားကြရန်ကိုလည်း တိုက်တွန်းအားပေးသွားပါသည်။ (တောင်ကြီး Daw Z Ci Ci)

## ဆက်ကပ်လူငယ်များ၏အရည်အသွေးမြှင့်တင်ခြင်းသင်တန်းဆင်းပွဲအခမ်းအနား

ဗန်းမော်ကက်သလစ်သာသနာရှိ ကရုဏာ(KMSS)ဗန်းမော်မှကြီးမှူးပြုလုပ်သောပထမဆုံးကြိမ်မြောက်ဆက်ကပ်လူငယ်များ၏ အရည်အသွေးမြှင့်တင်ခြင်းသင်တန်းဆင်းပွဲအခမ်းအနားကို ဗန်းမော်မြို့ အရှေ့သာစည်ရပ်၊ AD 2000 ဝန်းအတွင်းရှိ Good Friends center ၌ (၂၄၊၆၊၂၀၁၆) ညနေ ၅း၀၀ တွင်ကျင်းပခဲ့ပါသည်။အဆိုပါသင်တန်းသည် ဗန်းမော်ဂိုဏ်းအုပ်ဆရာတော် ရေမွန်ဆွမ်းလွတ်ဂမ်၏ ဦးဆောင်မှုနှင့်အတူ ဖာသာရ် ပေါလ်အောင်ဒန်း(Dr. of KMSS)၊ဖာသာရ် မိုက်ကယ်တန်ဂွန်း (Deputy Dr. of KMSS)အပါအဝင် ကရုဏာမှအကြီးအကဲများ၏ဆုံးဖြတ်ချက်ဖြင့် (၁၄၊၂၀၁၆) မှ (၂၄၊၆၊၂၀၁၆)အထိ (၃)လတာသင်တန်း ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဗန်းမော်သာသနာရှိကက်သလစ် သင်တန်းတက်ရောက်ထားသောလူငယ်များသည် KMSS ရုံးတစ်ခုအတွက်သာမက အခြားအဖွဲ့အစည်းများ ၊မိမိကျရာကဏ္ဍများတွင်ဆက်ကပ်လိုသောစိတ်ဓါတ်၊ကောင်းမွန်သော ကိုယ်ကျင့်တရား၊ ကောင်းမွန်ပြည့်ဝသောအရည်အချင်းများပြည့်မီစွာဖြင့်လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီးသင်တန်းကိုပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဖာသာရ်မိုက်ကယ်တန်ဂွန်းမှကြိုဆိုမိန့်ခွန်း ပြောကြားခဲ့ပြီးနောက် ဖာသာရ်အောင်ဒန်းသည်ရှေ့ဆက်လုပ်ငန်းစဉ်များကိုရှင်းလင်းပြောပြသွားခဲ့ပါသည်။ထို့နောက်ဆရာတော်ရေမွန်ဆွမ်းလွတ်ဂမ်သည်သင်တန်းသား(၂၅)ယောက်ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။သင်တန်းဆင်းပွဲအခမ်းအနားသို့ ဗန်းမော်ဂိုဏ်းအုပ်ဆရာတော်ရေမွန်ဆွမ်းလွတ်ဂမ်နှင့် ဖာသာရ်များ၊ စစ္စတာရ်များ၊ အခြားNGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကရုဏာဝန်ထမ်းများတက်ရောက်ခဲ့ပါသည်။ ဆရာတော်က "ကရုဏာတရားသည် ကက်သလစ်သာသနာ၏နှလုံးသားဖြစ်သည်။Caritas is heart of Jesus"ဟူ၍ပြောကြားသွားခဲ့ပါသည်။

Mikelay (Banmaw-OSC)





# သာသနာလုံးဆိုင်ရာကက်သလစ်လုပ်ငန်းအဖွဲ့ချုပ်နှင့်တောင်ကြီးတိုက်နယ်ကက်သလစ်လုပ်ငန်းတို့ ပြုလုပ်သော ပထမအကြိမ် ပုံမှန်အစည်းအဝေး

သာသနာလုံးဆိုင်ရာ ကက်သလစ်လုပ်ငန်းအဖွဲ့ချုပ်နှင့်တောင်ကြီးတိုက်နယ် ကက်သလစ်လုပ်ငန်းတို့ပြုလုပ်သော ပထမအကြိမ်ပုံမှန် အစည်းအဝေးကို တောင်ကြီးမြို့တွင် ကျင်းပခဲ့ပါသည်။ တက်ရောက်သူများမှာ ဖာသာရ်တင်ဖေ၊ ဦးသောမတ်စ်အောင်ကြီး၊ ဦးစိုင်းရှန်၊ ဦးစိုးမြင့်၊ ဦးပီတာ၊ ဦးဟက်ပီး၊ မလဲ့လဲ့ဝင်း၊ တီချယ်လီလီ၊ ဒေါ်အဲန်းဒေါက်ဆဲန်၊ဒေါ်စီစီလျာ၊ ဒေါ်ဇက်စီစီ၊ ကိုနော်မိုင် တို့ဖြစ်ကြသည်။

ဆွေးနွေးချက်များမှာ -

(၁)တောင်ကြီးတိုက်နယ်အတွင်း လစ်ဟနေသောအမှုဆောင်နေရာများအတွက် ထပ်လောင်းဖြည့်ခြင်းအတွက် အတည်ပြုကြေငြာသွားရန်။ယခင် ဘဏ္ဍာရေးမှူး နေရာရှိ ဒေါ်မေရီမားအစား ဒေါ်အဲန်း၊ ဒေါ်ဆဲန်ကို ရွေးချယ်ခန့်ထားခြင်း၊ယခင်စာရင်းစစ်(၁)နေရာရှိ ဒေါ်ဂျိုစီ၏ကိုယ်စား ဒေါ်စီစီလျာကိုရွေးချယ်ခန့်ထားခြင်းများပြုလုပ်ခဲ့ပါသည်။

(၂)တောင်ကြီးမြို့အတွင်းရှိ အသေးစိတ် ဘာသာဝင်ဦးရေစာရင်းပြုစုခြင်းကို ရပ်ကွက်အလိုက် စာရင်းပြုစုသွားမည်ဖြစ်သည်။ ပထမဦးစွာ လက်ရှိစာရင်းကို စတင်ခွဲခြားသတ်မှတ်ပြုစုသွားမည်ဖြစ်ပြီး ထိုကိစ္စရပ်များဆောင်ရွက်ရာတွင်တောင်ကြီးတိုက်နယ်မှ အားဖြည့်ကူညီဆောင်ရွက်သွားမည်။တာဝန်ခံအဖြစ် တီချယ်လီလီမှ ဦးဆောင်ပြုလုပ်သွားပါမည်။

(၃)အလှူငွေ (၅)မျိုးကောက်ခံခြင်းကို ဆက်လက်ကောက်ခံသွားမည်ဖြစ်ပြီး တိုက်နယ်ကက်သလစ်လုပ်ငန်းမှ ဘုရားကျောင်းရှေ့တွင် ကောက်ခံသွားမည်။ မယ်တော်တမန်တော်အသင်းနှင့် သံတာအာနားအသင်းကိုလည်း အလှူငွေဖြတ်ပိုင်းတစ်အုပ်စီအပ်စေကာ အိမ်များသို့လည်းသွားရောက် ကောက်ခံခြင်းများပြုလုပ်သွားမည်။ ငွေများကိုကျောင်းထိုင်ဘုန်းတော်ကြီးထံတွင် အပ်နှံ သွားမည်။

(၄)ဆယ်ဘို့တစ်ဘို့ အလှူငွေ ကောက်ခံခြင်းအတွက် လာမည့်အပတ်တွင် စတင်ကောက်ခံသွားမည်ဖြစ်ပြီး ဘုန်းတော်ကြီးမှလည်း ကြေငြာသွားမည် ဖြစ်ပါသည်။ ကောက်ခံရရှိငွေကိုကက်သလစ်လုပ်ငန်းတွင် ခေတ္တသိမ်းဆည်းထားရန်။

(၅)ဘုရားဖြူတွင် သင်္ချိုင်းအခက် အခဲရှိသဖြင့်တောင်ကြီးတိုင်းရင်းသားပေါင်းစုံတွင် ယာယီ မြှုပ်နှံခွင့်ပေးရန် တောင်းခံခြင်းအပေါ် ယခုဆုံးဖြတ်ချက်မချနိုင်သေးသည့်အတွက်ဆရာတော်ကြီးများထံသို့ တင်ပြဆွေးနွေးပေးသွားပါမည်။

(၆)ဂရုဏာရေးဒါရိုက်တာဖာသာရ်ပီတာသန်း၏ ဝါတော်(၂၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲသို့ အသင်းအဖွဲ့အလိုက်နှုတ်ဆက်မှုများပြုလုပ်သွားပါမည်။

(၇)နောက်တစ်ချိန် အစည်းအဝေးခေါ်ယူခြင်းအတွက် အချိန်အတိအကျပြောကာ ဖိတ်ကြားစေလိုကြောင်း ဘာအစည်းအဝေးလဲ၊ ဘာအတွက် စည်းဝေးမလဲဆိုတာ ပြောနိုင်လျှင်ပိုကောင်းကြောင်း ပြောကြားချက်အပေါ် ကက်သလစ်လုပ်ငန်း အစည်းအဝေးကိုလစဉ် လ၏နောက်ဆုံးအပတ်(၁၀း၃၀)အချိန် သတ်မှတ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် တိုက်နယ်ကက်သလစ်လုပ်ငန်းနှင့် အဖွဲ့ချုပ်ကက်သလစ်လုပ်ငန်းရှိ အမှုဆောင်များအားလုံး ပါဝင်တက်ရောက်ကြရမည်ဖြစ်ပြီး အစည်းအဝေးခေါ်င်းစဉ်တပ်နိုင်အောင်ကြိုးစားသွားပါမည်။

(၈)ကက်သလစ်လုပ်ငန်း ရံပုံငွေ ရရှိနိုင်ရေးအတွက် စိန်ဂျိုးဇက်စတိုးဆိုင်ငှားရမ်းခတစ်ဝက်အား ကက်သလစ်လုပ်ငန်း ဥက္ကဋ္ဌမှ တာဝန်ယူတောင်းခံသွားရန်။



(၉)တောင်ကြီးတိုက်နယ်သည် ကက်သလစ်လုပ်ငန်းလုပ်ဆောင်မှု အင်အားနည်းနေသည့်အတွက် ချွတ်ယွင်းချက်အနေဖြင့်ထားရှိပြီး ဖွဲ့စည်းပုံစာအုပ်များအတိုင်း မပြုလုပ်ဘဲလုပ်ဆောင်မှုများအတွက် စိတ်ဝင်စားသူများအား ပါဝင်နိုင်ရန်၊ ဖိတ်ခေါ်သွားရန်နှင့် အဖွဲ့ဝင်များအဖြစ် ဒေါ်နော်ဆေးနှင့်ကိုငယ်အား ထပ်လောင်းဖြည့်ထည့်ရန်။

(၁၀)လာမည့်မိခင်ဖခင်ပွဲနေ့ ပြုလုပ်ခြင်းအတွက် တိုက်နယ်ကက်သလစ်လူငယ်အဖွဲ့မှ ပြုလုပ်နိုင်ရန် ဆွေးနွေးသွားရန်နှင့်မိခင်ဖခင်များအတွက် အကြိုဝတ်စောင့်ခြင်းအားကျောင်းထိုင်ဘုန်းတော်ကြီးမှ စီစဉ်ဆောင်ရွက်သွားရန်။

(၁၁)လာမည့်(၂၀၁၇)ခုနှစ် အဖွဲ့ချုပ်ရွေးကောက်ပွဲအတွက် ရွေးချယ်ရာတွင် ဥက္ကဋ္ဌကို အများသဘောတူသည့်လူကိုဦးစားပေးရွေးချယ်ပေးသွားရန်နှင့် ကိုယ်စားလှယ်လောင်းများရွေးချယ်ရာတွင် တိုက်နယ်များမှကိုယ်စားလှယ်များ အသင်းတော်လုပ်ငန်းတွင် စိတ်ပါဝင်စားမည့်သူများကိုသာအဓိကရွေးချယ်ရမည်ဖြစ်ပြီး ဦးဆောင်မည့်ကော်မရှင်အဖွဲ့ကို ခြောက်လကြိုတင်ဖွဲ့စည်းထားရှိရန်နှင့် စိတ်ပါဝင်စားမည့်သူများအား အသင်းတော်အတွက်ဆက်ကပ်နိုင်၊ မကပ်နိုင်ကို တွေ့ဆုံမေးမြန်းရန်၊ ပြီးမှသာ ကိုယ်စားလှယ်စာရင်းထုတ်ပြန်ရန်။

(၁၂)ကလေးများအတွက် ဘုရားစကားအတန်းဖွင့်လှစ်နိုင်ခြင်းအပေါ် ဆွေးနွေးကြရာတနင်္ဂနွေနေ့ Sunday Schoolပုံစံပြန်လည်ပြုလုပ်သွားရန်နှင့် ထိုအတွက်အစီအစဉ်ရေးဆွဲထားရှိရန်။

(၁၃)ဘုရားကျောင်းထဲတွင် ဝတ်ပြုခြင်းသီချင်းအစီအစဉ်တွင်ပြင်ပလူများကိုလည်း ပါဝင်ခွင့်ပေးရန်တောင်းဆိုခြင်းအပေါ်ပါဝင်နိုင်လျှင် ကောင်းပါသည် နံနက်မေတ္တာအပြီးအချိန်ရှိသေးလျှင်သီချင်းများတိုက်သွားပေးပါရန်။

(၁၄) အလှူငွေကောက်ခံခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဆာလံသီချင်းများအတွက် အလှည့်ကျအဖွဲ့ တာဝန်များပေးအပ်ခြင်းကို ဘုရားကျောင်းရှေ့တွင် ကြေငြာထားရန်၊ ဆာလံသီချင်းဦးဆောင်မည်ဆိုပါက စနေနေ့ညနေအဖွဲ့လိုက်ကြိုတင်ပြင်ဆင်ကာ ကလေးများနှင့်အတူသီချင်းတိုက်ကြရန်၊ လ၏ပထမပါတ်ကို အာနားအသင်း၊ ဒုတိယပါတ်ကို မယ်တော်တမန်တော်အသင်း၊ တတိယပါတ်ကိုလူငယ်အသင်း၊ နောက်ဆုံးအပါတ်ကို ကက်သလစ်လုပ်ငန်းအသင်းနှင့် ဆာလံသီချင်းများ ပါဝင်ကူညီသီဆိုရန် ကျောင်းသား/သူအလှည့်ကျစာရင်း ထားရှိသွားမည်။

(၁၅)အလှူငွေကောက်ခံခြင်းအချိန်ကို(ခရေးဒို)ယုံကြည်ခြင်းအချုပ်ဆိုသည့်အချိန်တွင် စတင်ကောက်ခံသွားမည်ဖြစ်ပြီး တောင်းလျှောက်ခြင်းပြီးလျှင် ပူဇော်ခြင်းဖြင့်တစ်ပါတည်းငွေကိုပေးပို့ရန်။

(၁၆)ဒုတိယမဿစ္စားတရားတော်တွင် Offertory အစီအစဉ်ထည့်သွင်းရန်။

(၁၇) ကျောင်းဒကာကိုတိတိကျကျ သတ်မှတ်ရန်နှင့် ပြုလုပ်နေသော ကိုဘယ်နီအား တိတိကျကျတာဝန်ပေးအပ်ရန်။

(၁၈) ဘုရားကျောင်းအိမ်သာ နောက်တစ်ခန်း ထပ်တိုးတည်ဆောက်နိုင်ရန်။

(၁၉) အစည်းအဝေးအစနှင့် အဆုံးတွင် မေတ္တာဖြင့်စတင်ကြရန်

**ဆုံးဖြတ်ချက်များ**

(၁)တောင်ကြီးတိုက်နယ်အတွင်း လစ်လပ်နေသောအမှုဆောင်နေရာများအတွက် ထပ်လောင်းဖြည့်စွက်ခန့်အပ်ခြင်းအတွက် အတည်ပြုကြေငြာသွားမည်။

(၂)တောင်ကြီးမြို့အိမ်ထောင်စုစာရင်း အသေးစိတ်ကို စတင်ပြုစုသွားမည်။

(၃)အလှူငါးမျိုးကောက်ခံခြင်းကို ဆက်လက်ကောက်ခံသွားမည်။

(၄)ဆယ်ဘို့တစ်ဘို့ အလှူတော်ငွေကိုလည်း စတင်ကောက်ခံသွားမည်။ အထူးနေ့များအတွက် ကောက်ခံသောအချိန်တွင် ထိုအလှူငွေကောက်ခံခြင်းကို ဦးစားပေးကောက်ခံသွားမည်။

(၅) သာသနာလုံးဆိုင်ရာ ကက်သလစ်လုပ်ငန်းအဖွဲ့နှင့် တိုက်နယ်အဖွဲ့ပူးပေါင်းပြီး လတိုင်းအစည်းအဝေးပြုလုပ်သွားမည်ဖြစ်ပြီး လ၏နောက်ဆုံးအပါတ် တနင်္ဂနွေနေ့ နံနက် (၁၀း၃၀) တိုင်းပြုလုပ်သွားမည်။

(၆)၂၀၁၇ခုနှစ် ကက်သလစ်လုပ်ငန်းအဖွဲ့ချုပ်အမှုဆောင်ရွေးကောက်ပွဲအတွက်ကော်မရှင်အဖွဲ့အား ခြောက်လအလိုတွင်ဖွဲ့စည်းသွားပြီးတိုက်နယ်များမှ အမှန်တကယ်ပြုလုပ်နိုင်မည့်သူများကိုသာ ကိုယ်စားလှယ်စာရင်းထုတ်ပြန်ပေးရန်နှင့်ဥက္ကဋ္ဌအား အများသဘောတူ မဲဆန္ဒဖြင့် ရွေးချယ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားမည်။

(၇) အလှူငွေကောက်ခံခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဆာလံသီချင်းများအတွက်အဖွဲ့လိုက်တာဝန်ကျဇယားကို ဘုရားကျောင်းရှေ့တွင်ကြေငြာသွားမည်ဟုသတင်းရရှိပါသည်။

(TG-OSC)

# အာရှတစ်ခုလုံးဆိုင်ရာ Signis အထွေထွေညီလာခံ

မြန်မာတစ်နိုင်ငံဆိုင်ရာကက်သလစ်လူထုဆက်သွယ်ရေးရုံးသည် ဆက်သွယ်ရေးနှင့်ပတ်သက်သော သင်တန်းများ၊ အစည်းအဝေးများ၊ လုပ်ငန်းဆောင်တာများကို အဆက်မပြတ် ကြိုးစားနေပါသည်။ တိုးတက်ပြောင်းလဲနေသော ယခုမျက်မှောက်ခေတ်တွင် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ကာ ဖဝံဂလိသတင်းကောင်း ဝေမျှသက်သေခံရာ၌ မီဒီယာကွန်ရက်ကို ကောင်းမွန်ထိရောက်စွာဖြင့် အသုံးပြုနိုင်စေရန်လည်းကြိုးစားနေပါသည်။ နိုင်ငံတကာ အစည်းအဝေး ကြီးများဖြစ်သော အာရှတိုက်ရှိကက်သလစ် ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေး တာဝန်ခံ ဆရာတော်ကြီးများ၏ အထွေထွေညီလာခံကို ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ အောင်မြင်စွာလက်ခံကျင်းပ နိုင်ခဲ့ပါသည်။ ယခုအခါ အာရှတိုက်ရှိ ကက်သလစ် ဆရာတော်ကြီး များဆိုင်ရာ လူမှုဆက်သွယ်ရေးရုံး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော Signis Asia Assembly 2016 အထွေထွေ ညီလာခံကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း ဘေးနားတွင်ရှိသော Myanmar Sport Hotel တွင် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့မှ(၂၆)ရက်နေ့အထိ ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပါသည်။

အာရှနိုင်ငံ(၂၁)နိုင်ငံတို့မှ ကက်သလစ်မီဒီယာ လုပ်ဆောင်နေကြသော ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ ဘာသာတူ ညီအစ်ကို မောင်နှမများ စုစုပေါင်း အယောက်(၇၀)ခန့် ပါဝင်ကြမည်ဖြစ်ကာ မြန်မာပြည် သာသနာအသီးသီးတွင် လူထုဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသော ဘုန်းတော်ကြီးများလည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ပါသည်။ ဤကဲ့သို့ နိုင်ငံတကာမှ ကိုယ်စားလှယ်များသည် မြန်မာပြည်သို့လာရောက်ကာ မြန်မာတို့၏ယုံကြည်ခြင်းတွင် ခိုင်မာမှု၊ စည်းလုံးမှု၊ ရက်ရောမှုများတို့ကို မျက်ဝါးထင်ထင် မြင်တွေ့ ကြမည်ဖြစ်သည်။ ထိုအထွေထွေညီလာခံနှင့်အတူ မြန်မာနိုင်ငံတွင် ပြုလုပ်ကျင်းပနေသည့် ပထမဦးဆုံး ကက်သလစ် ဓမ္မတေးသီချင်းဆိုပြိုင်ပွဲကြီး၏ နောက်ဆုံးပြိုင်ပွဲကိုလည်း တစ်ဆက်တည်းပြုလုပ်မည်ဖြစ်ပါသည်။ ထိုညီလာခံတွင် မီဒီယာကို အသုံးပြု၍ ပညာပေး ဗီဒီယို၊ ရေဒီယို၊ ပို့စတာ နှင့် ဓါတ်ပုံပြိုင်ပွဲများအတွက်လည်း ဖိတ်ခေါ် အပ်ပါသည်။ ပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ '**Merciful Action through Media**' မီဒီယာအားဖြင့် ကြင်နာသနားခြင်းပြုလုပ်ခြင်း" ဖြစ်ပါသည်။

**ဗီဒီယိုပြိုင်ပွဲ။** တစ်မိနစ် နှင့် ငါးမိနစ် ဗီဒီယိုဟူ၍နှစ်မျိုးရှိသည်။ တစ်မိနစ်ဗီဒီယို အတွက်ပထမဆု တစ်ခုတည်းကိုသာ ရွေးချယ်မည်ဖြစ်ပြီးဆုတော်ငွေမှာ အမေရိကန် ဒေါ်လာ ၅၀၀ ဖြစ်ပါသည်။ ငါး မိနစ်ဗီဒီယိုကိုလည်း ပထမဆု တစ်ခုတည်းကိုသာ ရွေးချယ်မည်ဖြစ်ပြီး ဆုတော်ငွေမှာ အမေရိကန်ဒေါ်လာ ၇၅၀ ဖြစ်ပါသည်။ (အင်္ဂလိပ်လို စာသားထိုး ပေးရပါမည်)

**ရေဒီယိုပြိုင်ပွဲ။** တစ်မိနစ် နှင့် ငါးမိနစ် ရေဒီယိုဟူ၍နှစ်မျိုးရှိသည်။ တစ်မိနစ်ရေဒီယိုအတွက်ပထမဆု တစ်ခုတည်း ကိုသာ ရွေးချယ် မည်ဖြစ်ပြီးဆုတော်ငွေမှာ အမေရိကန်ဒေါ်လာ ၃၀၀ ဖြစ်ပါသည်။ ငါး မိနစ်ရေဒီယိုကိုလည်း ပထမဆု တစ်ခုတည်း ကိုသာရွေးချယ်မည်ဖြစ်ပြီးဆုတော်ငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀ ဖြစ်ပါသည်။ (အင်္ဂလိပ်လိုပြောရပါမည်)

**ပို့စတာ နှင့် ဓါတ်ပုံပြိုင်ပွဲများအတွက်** ပထမဆုရ ရှိသူများကို အမေရိကန်ဒေါ်လာ ၃၀၀ ဆုချီးမြှင့်ပါမည်။ ဤပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်သူအသက်(၂၅)အောက်လူငယ်ဖြစ်ရမည်။ ပြိုင်ပွဲဝင်သော ဗီဒီယို၊ ရေဒီယို၊ ဓါတ်ပုံနှင့်ပို့စတာများကို အောက်ပါလိပ်စာ အတိုင်း ဩဂုတ်လ (၁၅)ရက်နေ့ ၂၀၁၆ မတိုင်မီအရောက်ပို့ပေးရပါမည်။

ထိုညီလာခံသို့ပါဝင်တက်ရောက်လိုသောသူများသည် ကြိုတင်နာမည်စာရင်းပေးသွင်းရန်လိုပါသဖြင့် ဩဂုတ်လ (၁၀) ရက်နေ့မတိုင်မီ online မှတဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း (cbcmosc@gmail.com) သို့စာရင်းပေးသွင်းနိုင်ပါသည်။ ညီလာခံတွင်တက်ရောက်ရန် စာရင်းသွင်းပုံစံများကို မိမိတို့၏ email များပေးပို့ပါက ပြန်လည်ပို့ပေးပါမည်။

**မှတ်ချက်။ ။ (၁)။ ညီလာခံတက်ရောက်ကြေး တစ်ယောက်ကိုဝင်ကြေး(၅၀၀၀၀)ကျပ်၊ (၂)။ ညီလာခံပြုလုပ်မည့်နေရာတွင် တည်းခိုလိုပါက တစ်ရက်ကို အမေရိကန်ဒေါ်လာ $65 ပေးဆောင်ရပါမည်။ သို့မဟုတ် မိမိအစီအစဉ်ဖြင့်တည်းခိုနိုင်သလို ညီလာခံသို့ နံနက် (၈)နာရီမှ ညနေ( ၅)နာရီအထိပါဝင်တက်ရောက်နိုင်ရပါမည်။ (၃)။ စာရင်းကို ဩဂုတ်လ (၁၀)ရက်နေ့ မတိုင်မီ အောက်ပါလိပ်စာအတိုင်း နောက်ဆုံးစာရင်းပေးသွင်းရပါမည်။**သို့ဖြစ်ပါ၍ အထက်ပါ အာရှတစ်ခုလုံးဆိုင်ရာ Signis အထွေထွေညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ကောင်းမွန်စွာ လက်ခံကျင်းပနိုင်ရန် စေတနာရှင်များက ဝိုင်းဝန်းပါဝင် လှူဒါန်းပေးကြပါရန် လေးစားစွာဖြင့်နှိုးဆော်ရင်း မေတ္တာရပ်ခံအပ်ပါသည်။

ကျေးဇူးတင်လျှက် **Fr. Leo Mang (SDB)** (CBCM-OSC Director) **ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ လူထုဆက်သွယ်ရေးရုံး ၂၉၂(က)၊ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း၊ ၀၁ ၅၂၅ ၈၀၈ ၊ ၀၉ ၄၂၁ ၀၇၄ ၅၉၈**

SHRINE OF OUR LADY OF LOURDES
CATHOLIC CHURCH
NYAUNGLEBIN, BAGO DIVISION, MYANMAR
PHONE: 95-052-50211

သို့

ကျောင်းထိုင်ဘုန်းတော်ကြီး

နေ့စွဲ။ ။၂၀၁၆-ခုနှစ်ဇွန်လ( )ရက်

အကြောင်းအရာ။ ။လစဉ်ဝတ်စောင့်ခြင်းကိုပါဝင်နိုင်ရန် ဖိတ်ကြားခြင်း။

လစဉ် တစ်ရက်တာဝတ်စောင့်ခြင်းကို သာသနာအသီးသီးမှ ဘာသာတူများကို ဖိတ်ခေါ်အကြောင်းကြားအပ်ပါသည်။ ထိုတစ်ရက်တာဝတ်စောင့်ခြင်းကို လ၏ပထမ စနေနေ့တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ လစဉ်ဝတ်စောင့်ကြမည့်သူများသည် မိမိတို့၏သာသနာမှ ရှိနေကြသောဝတ်စောင့်ခြင်းကော်မတီနှင့် ဆက်သွယ်၍ ကိုယ်စားလှယ်များအား ကားလတ်မှတ်များကိုမှာယူ၍ လိုက်ပါနိုင်မည်ဖြစ်ကြောင်းနှင့် လစဉ်တာဝန်ကျဘုန်းတော်ကြီးများနှင့် ဝတ်စောင့်ခြင်းကော်မတီကိုယ်စားလှယ်များ၏ အမည်စာရင်းများကိုပူးတွဲတင်ပြထားပါသည်။

သို့ဖြစ်ပါ၍ကျောင်းထိုင်ဘုန်းတော်ကြီးများအနေဖြင့် ထိုဝတ်စောင့်ခြင်းကို မိမိသာသနာအတွင်းရှိ ဘာသာတူများပါဝင် ဝတ်စောင့်နိုင်ရန်အတွက် တတိယအပတ်နှင့် စတုတ္ထအပတ်များတွင် ကြေငြာ တိုက်တွန်းနှိုးဆော်ပေးပါရန် ရိုသေလေးစားစွာလျှောက်ထားအပ်ပါသည်။




## ဦးဆောင်မည့် ဘုန်းတော်ကြီးများ

| စဉ် | နေ့ရက် | ဘုန်းတော်ကြီးအမည် | သာသနာ |
|---|---|---|---|
| ၁။ | ၂.၇.၂၀၁၆ | Fr. Matthias Aung Kyaw | St. Gabriel Church |
| ၂။ | ၆.၈.၂၀၁၆ | Fr. Anthony Terence | St. Sebastian Church |
| ၃။ | ၃.၉.၂၀၁၆ | Fr. Noel Saw Naw Aye | Archbishop's House |
| ၄။ | ၁.၁၀.၂၀၁၆ | Fr. Alexander Kyaw Win | St. Michael The Archangel's Church |
| ၅။ | ၅.၁၁.၂၀၁၆ | Fr. Peter (SDB) | (Thibaul) Don Bosco Church |
| ၆။ | ၃.၁၂.၂၀၁၆ | Msgr. Saw Francis | St. John Church Cantonment |

## ဝတ်စောင့်ခြင်းကို (ကား/ကားလက်မှတ်)များ တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ်များအမည်စာရင်း

| စဉ် | အမည် | သာသနာ | ဖုန်းနံပါတ် |
|---|---|---|---|
| ၁။ | U Donal Zaw Aung | St. Mary Cathedral | 09-5012476 |
| ၂။ | ဒေါ်ဖလော်ရီ | St. Anthony | 09-420061457 |
| ၃။ | ဒေါ်ဖရော်နီကား | St. Anthony | 09-43066567 |
| ၄။ | ဦးပါစကား | St. John မောင်တော်လေး | 09-5029002 |
| ၅။ | ဒေါ်ဆိုဖီယာကောင်း | St. John မောင်တော်လေး | 09-250359365 |
| ၆။ | ဦးခင်မောင်စိုး | St. James ဒေါပုံ | 09-5056705 |
| ၇။ | Ko Winceslaus | St. James ဒေါပုံ | 09-250011650 |
| ၈။ | U Valentino Soe Myint | St. Augustine | 09-36131881 |
| ၉။ | ဦးဂျိမ်းစ် | Our Lady of Fatima | 09-49330680 |
| ၁၀။ | ဦးအာသာ | Our Lady of Fatima | 09-420044115 |
| ၁၁။ | Daw Gioria Htwe | St. Jude | 09-450034328 |
| ၁၂။ | ကိုရေမွန် | St. Jude | 09-254344596 |
| ၁၃။ | Edward | H.I.C | 09-978723056 |
| ၁၄။ | Daw Angela | H.I.C | 09-261645998 |
| ၁၅။ | ဒေါ်နော်ဆဲဖော | စိန့်ဖရန့်စစ်ဇေးဗီးယား သန်လျင် | 09-261158633 |
| ၁၆။ | မဖရန်စီးနားအေးမိစံ | စိန့်ဖရန့်စစ်ဇေးဗီးယား သန်လျင် | 09-790211530 |
| ၁၇။ | ဦးပီတာရှိဇာရီယို | St. Joseph | 09-799620587 |
| ၁၈။ | ဦးလာဇရူး | St. Gabriel | 09-31393234 |
| ၁၉။ | မဂျူးစတီးနား (ခ)ဂျူးဂျူး | St. Gabriel | 09-30074296 |
| ၂၀။ | ဦးမြင့်ဦး | Epiphany | 09-795381055 |
| ၂၁။ | ကိုဇေးဗီးယား | St. Francis | 09-73113621 |
| ၂၂။ | ကိုပီတာ | St. Francis | 09-448041214 |
| ၂၃။ | Daw Genevieve | St. Michael | 09-250517928 |
| ၂၄။ | မောရစ် | St. Edward | 09-250175509 |





# အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာ-အမေရိကန်ကက်သလစ်များ၏ (၇)ကြိမ်မြောက်နီးနှောဖလှယ်ပွဲ






အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာ-အမေရိကန်ကက်သလစ်များ၏ (၇)ကြိမ်မြောက်နီးနှောဖလှယ်ပွဲကို အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့ ဘာဖါလိုတွင် ၁-၄ ရက်နေ့ ဇူလိုင်လ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ ထိုနီးနှောဖလှယ်ပွဲသို့ အိမ်ရှင်သာသနာမှ ဆရာတော်ကြီးဖြစ်သော ဆရာတော်ရီချက် ဂျယ်မာလုန်း၊ လက်ထောက်ဆရာတော် ဧဒွတ်အမ်ဂရိုစ် နှင့် မြန်မာနိုင်ငံ ကျိုင်းတုံသာသနာမှ ဆရာတော် ပီတာလူးစ်ကျာခူးတို့ပါဝင် တက်ရောက်ချီးမြှင့်ပေးခဲ့ကြကာ ဘုန်းတော်ကြီး(၃၂)ပါး၊ သီလရှင်(၉)ပါးနှင့် အမေရိကန်ပြည်နယ်အရပ်ရပ်မှ မြန်မာ ညီအစ်ကိုမောင်နှမစုစုပေါင်း (၁၅၀၀)ဦးတို့ ပါဝင်ခဲ့ကြသည်။




ဇူလိုင်လ (၁)ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ညီအစ်ကိုမောင်နှမများသည် ညနေ ၅နာရီ၌ နီးနှောဖလှယ်ပွဲပြုလုပ်ကျင်းပမည်နေရာသို့ရောက်ရှိလာကြကာ ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဓမ္မသီချင်းများတိုက်ခြင်းနှင့် အာပတ်ဖြေခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

ဇူလိုင်(၂)ရက်နေ့ နံနက်(၇း၀၀)နာရီတွင် အစာပြေများကိုသုံးဆောင်ကြကာ အာပတ်ဖြေခြင်းနှင့် စိပ်ပုတီးစိပ်ခြင်းတို့ဖြင့် မစ္ဆားတရားတော်အတွက်ပြင်ဆင်ကြကြောင်း၊ မစ္ဆားတရားတော်ကို ဆရာတော်ရီချက် ဂျယ်မာလုန်းက ဦးဆောင်တင်ပူဇော်ပေးခဲ့သည်။ မြန်မာနိုင်ငံမှ ပွဲတော်အတွက်အထူးဖိတ်ကြားခံရသော ဆရာတော် ပီတာလူးစ်ကလည်း ဩဝါဒ မိန့်ကြားခဲ့ပါကြောင်း၊ လူငယ်များအတွက်အထူးအစီအစဉ်တွင် "အဘယ်ကြောင့်ကက်သလစ်ဖြစ်ရပါသနည်း" ဟူသော ခေါင်းစဉ်ဖြင့် ဘုန်းတော်ကြီးဒေးဗစ်မောင်မောင်ထွန်းမှ လည်းကောင်း၊ "ဖြူစင်ခြင်းနှင့်ကြင်နာသနားခြင်း" ခေါင်းစဉ်ဖြင့် ဘုန်းတော်ကြီး အာရ်ဖုန်းအောင်နိုင်ရွှေမှ လည်းကောင်း အသီးသီးဝေငှပေးခဲ့ကြောင်း၊ ဆက်လက်၍ ညပိုင်းတွင် တေးသီချင်းများ သီဆိုခြင်း၊ သီချင်းဆိုပြိုင်ပွဲများကျင်းပခြင်း နယ်အသီးသီးအလိုက် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အကများဖြင့်တင်ဆက်ခြင်းများပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။



ဇူလိုင်လ(၃)ရက်နေ့ နံနက်တွင် မယ်တော်ဆင်းတုဖြင့်စီတန်းလှည့်လည်ခြင်း၊ အာပတ်ဖြေခြင်း၊ မစ္ဆားတရားတော်အတွက် ဓမ္မသီချင်းများတိုက်ခြင်း၊ ကွာယာသံစုံသီချင်းဆိုပြိုင်ပွဲတို့နှင့် ကက်သလစ်ယုံကြည်ခြင်းဆိုင်ရာ အမေးအဖြေများကို ပြုလုပ်ခဲ့ကြောင်း၊ မြန်မာပြည်ကျိုင်းတုံသာသနာ ဆရာတော် ပီတာလူးစ် ဦးဆောင်လျက် မစ္ဆားတရားတော်ကို ပူဇော် ဆုတောင်းခဲ့ကြကြောင်းသိရသည်။



(၇)ကြိမ်မြောက် အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာ-အမေရိကန်ကက်သလစ်များ၏နီးနှောဖလှယ်ပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ "ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဒီပွဲတော်ကိုကောင်းမွန်စွာပြုလုပ်နိုင်ခဲ့တာပါ၊ ဒီ(၇)ကြိမ်မြောက် အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာ-အမေရိကန်ကက်သလစ်များ၏နီးနှောဖလှယ်ပွဲဟာလည်း အအောင်မြင်ဆုံး ပွဲတစ်ခုလို့ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေကိုယ်တိုင် အစီအစဉ်တိုင်းမှာ ပိုမိုတက်ရောက်လာနိုင်တယ်၊ အကျိုးသက်ရောက်မှုနဲ့ စိတ်အားထက်သန်မှုတွေ့ရတယ်၊ အထူးသဖြင့် အရင်နှစ်တွေထက်စာရင် ဝိညာဉ်ရေးရာမှာ အကျိုးသက်ရောက်မှုပိုရှိတယ်၊ လူကြီးတွေကအစ လူငယ်တွေအားလုံး တက်တက်ကြွကြွပါဝင်ကြတယ်" ဟု လူငယ်တာဝန်ခံဂျိုးဇက်ခိုင်ထံမှသတင်းရရှိပါသည်။

"ဒီနှစ်တွေ့ဆုံပွဲက ထူးထူးခြားခြား ပျော်စရာကောင်းနေတယ်။ အထူးသဖြင့်လူငယ်တွေရဲ့တက်ကြွစွာပါဝင်မှုက ပွဲတော်တစ်ခုလုံးမှာ တွေ့ရတယ်။ အစီအစဉ်တိုင်းမှာလည်း အားလုံးက စိတ်ဝင်စားစရာကောင်းအောင် ဦးဆောင်ပေးကြလို့လည်းဖြစ်ပါတယ်" ဟု ပွဲတွင်ပါဝင်ခဲ့သူ ဘုန်းတော်ကြီးတစ်ပါးက မိန့်ကြားခဲ့ပါသည်။

နီးနှောဖလှယ်ပွဲ၏နောက်ဆုံးနေ့ရက်တွင် အမေရိကန်ရောက်မြန်မာ ကက်သလစ်များအတွက် အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို လွန်ခဲ့သောသုံးနှစ်အတွက် တာဝန်ထမ်းဆောင်ခဲ့သော ဒီကင်ပီတာ၏ကိုယ်စား ဆရာဂျွန်ဆိုင်လုံက ၂၀၁၆ ခုနှစ်မှ စတင်ကာ ၂၀၁၉ ခုနှစ်အထိ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌအသစ်အတွက် ကောင်းကြီးမင်္ဂလာကို ကြွရောက်လာကြသည့် ဘုန်းတော်ကြီးများ၏ လက်တင်ဆုတောင်းကောင်းကြီးပေးမင်္ဂလာခံယူခဲ့ကြောင်း၊ ၂၀၁၇ခုနှစ် (၈)ကြိမ်မြောက် အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာ-အမေရိကန်ကက်သလစ်များ၏ နီးနှောဖလှယ်ပွဲကို Baltimore, MD တွင်ပြုလုပ်မည်ဖြစ်ကြောင်းမီဒီယာတာဝန်ခံ ဂရေဂေါ်ရီ လျန်းပိုထံမှ သတင်းရရှိပါသည်။ (CBCM-osc)

## တရုတ်-မြန်မာနယ်စပ်တွင် မြန်မာအမျိုးသမီးများ မိမိကိုယ်မိမိရောင်းချသည့်စျေးကွက် တွင်ကျယ်နေ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့ ရွှေလီမြစ်တစ်ဖက်ကမ်း၌ရှိသည့် တရုတ်နယ်စပ်မြို့များတွင် မြန်မာအမျိုးသမီးများ မိမိကိုယ်ကိုရောင်းချနေသည့်စျေးကွက် တွင်ကျယ်နေသည်ဟုဒေသခံများထံက သိရပါသည်။

ယခုကဲ့သို့စျေးကွက်တွင်ကျယ်နေခြင်းသည် တရုတ်အမျိုးသားများက တရုတ်အမျိုးသမီးများကို လက်ထပ်လျှင်ငွေကုန်ကြေးကျမှု များသောကြောင့် မြန်မာအမျိုးသမီးများကိုဝယ်ယူနေကြခြင်းဖြစ်သည်ဟုတရုတ်နယ်စပ် ကျန်းဖုန်းမြို့တွင် နေထိုင်သည့် သူများထံမှ သိရပါသည်။

တရုတ်နိုင်ငံတွင် အမျိုးသမီးများကိုဝယ်ယူပေါင်းသင်းခြင်းသည် လူကုန်ကူးမှု မမြောက်သောကြောင့် တရုတ်အစိုးရက ၎င်းကိစ္စများကိုခွင့်ပြုခဲ့သော်လည်း (၂၀၁၆) နှစ်ဆန်းပိုင်းကစပြီး နှစ်ဖက်အစိုးရညှိနှိုင်းမှုအရ လက်ထပ်မည်ဆိုလျှင် အမျိုးသမီးများ၏ မိဘများခွင့်ပြုမှသာ တရုတ်အစိုးရက လက်ထပ်ခွင့် ပြုခြင်းဖြစ်ပါသည်။

ထို့ကြောင့် ယခုအချိန်တွင် မြန်မာအမျိုးသမီးများကို သူတို့၏မိဘများကလည်း သဘောတူရောင်းစားနေကြပြီး ခန္ဓာကိုယ်ကို ရောင်းစားနေသည့်မြန်မာအမျိုးသမီးအများစုသည် အိမ်ထောင်သည်များဖြစ်ကြသည်ဟု သိရပါသည်။

## တီနိုဖိုဗားဆေးကို တစ်နေ့တစ်လုံးသောက်လျှင် မိသားစုဝင်များနှင့် အပြင်လူများကို အသည်းရောင်အသားဝါဘီပိုး ကူးစက်ခြင်းမှ ကာကွယ်နိုင်

အသည်းရောင်အသားဝါဘီရောဂါကို ထိုးဆေးနှင့် မကုသနိုင်သူများအနေနှင့် တီနိုဖိုဗားဆေးကို တစ်နေ့တစ်လုံး ပုံမှန်သောက်လျှင် မိသာစုဝင်များနှင့် အပြင်လူများကိုအသည်းရောင်အသားဝါဘီပိုး ကူးစက်ခြင်းမှကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်း ထံကသိရပါသည်။

အသည်းရောင်အသားဝါ ဘီပိုးကိုကုသသည့်အခါ သွေးထဲကရောဂါပိုးကို စားဆေးနှင့် ကုသ၍ ပျောက်ကင်းနိုင်သော်လည်း အသည်းထဲတွင်ရှိသည့် ရောဂါပိုးကို ထိုးဆေး (၁၂)လုံးထိုးမှသာ ပျောက်ကင်းနိုင်မည်ဟုသိရပါသည်။

နောက်သုံးနှစ်ခန့်ဆိုလျှင် ဘီပိုးကာကွယ်ဆေးပေါ်မည်ဖြစ်ပြီး ဥရောပအသည်းရောဂါအစည်းအဝေးနှင့် အမေရိကန်အသည်းရောဂါအစည်းအဝေးတွင် တင်ပြချက်အရ ဘီပိုးကိုသောက်ဆေးနှင့် ပျောက်ကင်းအောင်ကုသနိုင်မည့်ဆေးလည်း ပေါ်ပေါက်တော့မည်ဖြစ်သည်ဟု သိရပါသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါဘီပိုးကူးစက်မှုနှုန်းသည်(၉၀)ရာခိုင်နှုန်းဖြစ်ပြီး နာတာရှည်ပိုးသယ်ဆောင်သူမှာ (၁၀)ရာခိုင်နှုန်းရှိနေသည်ဟု သိရပါသည်။

## ပရဟိတအယောင်ဆောင် လိမ်လည်အလှူခံသူများကို ပုဒ်မ ၄၁၆/၄၂၀ ဖြင့် အမှုဖွင့်အရေးယူနိုင်

ပရဟိတအယောင်ဆောင်လိမ်လည်ပြီး အလှူခံသူများကိုတိုင်ကြားလျှင် ပုဒ်မ ၄၁၆/၄၂၀ လိမ်လည်မှုနှင့် ရဲတပ်ဖွဲ့မှ အမှုဖွင့်အရေးယူသွားမည်ဟု ရန်ကုန်တိုင်းရဲတပ်ဖွဲ့က သိရပါသည်။ မြန်မာလူမျိုးများသည် သဒ္ဓါတရားထက်သန်ပြီး အလှူအတန်းရက်ရောမှုရှိသည့်အတွက် လှူဒါန်းမည်ဆိုလျှင်သေချာစိစစ်ပြီးမှ လှူဒါန်းသင့်သည်ဟုလည်း ရဲတပ်ဖွဲ့က ပြောပါသည်။

လိမ်လည်မှုမှာ နစ်မျိုးရှိပြီးမရိုးသားသည့်ရည်ရွယ်ချက်နှင့် စာရွက်စာတမ်းများလုပ်၍ လိမ်လည်တောင်းခံခြင်းနှင့် အယောင်ဆောင်လိမ်လည်ခြင်းဖြစ်ပြီး နှစ်ခုလုံးသည် ရဲအရေးပိုင်ဖြစ်သောကြောင့်ရဲများက တိုက်ရိုက်ဖမ်းဆီးခွင့်ရှိသည်ဟုလည်း သိရပါသည်။ ပရဟိတအယောင်ဆောင်ပြီးအလှူခံသူများရှိသည့်အပြင် သံဃာအယောင်ဆောင်ပြီး အလှူခံသူများကိုလည်း သာသနာညှိုးနွမ်းစေမှုပုဒ်မ၂၉၅နှင့် ရဲတပ်ဖွဲ့က တိုက်ရိုက်ဖမ်းဆီးပြီး နိုင်ငံတော်က တရားလိုလုပ်၍ တရားစွဲနိုင်သည်ဟု သိရပါသည်။

## ဦးပိန်တံတားပြုပြင်မှု အခန်းပေါင်း(၁၅)ခန်းနှင့် တိုင်ပေါင်း(၁၂၀)ခန့် လဲလှယ်ပြီးစီး

မန္တလေးမြို့ ဦးပိန်တံတားကို ရှေးဟောင်းသုတေသနအဖွဲ့က ဦးစီးပြီးပြုပြင်နေခြင်းသည် ယခုအချိန်တွင်တိုင်ပေါင်း(၁၂၀)ခန့် လဲလှယ်ပြီးသွားပြီဖြစ်သည်ဟု ရှေးဟောင်း သုတေသနဦးစီးဌာနက သိရပါသည်။

အသစ်လဲလိုက်ရခြင်းများ ရှိသကဲ့သို့ ရှေးလက်ရာလည်းကျန်အောင် အဟောင်းများပြန်သုံးမှုများလည်းရှိပြီး အဟောင်းများကိုအောက်ခြေထိတူးကြည့်၍ကောင်းလျှင်ပြန်အသုံးပြုသည်ဟု ရှေးဟောင်းသုတေသနဦးစီးဌာနက ပညာရှင်ဦးအေးလွင်ကပြောသည်။

ယခုအချိန်သည် မိုးတွင်းကာလဖြစ်သည့်အတွက် မိုးရွာသည့်အချိန်တွင် လုပ်ငန်းများရပ်ထားပြီး ရာသီဥတုသာယာလျှင် ပြန်လည်ပြုပြင် နေခြင်းကြောင့် မည်သည့် အချိန်ပြီးဆုံးမည်ကို ခန့်မှန်း၍ မရသေးကြောင်းကိုလည်းသိရပါသည်။

ဦးပိန်တံတား ပြုပြင်ထိမ်းသိမ်းသည့်လုပ်ငန်းများကို ရှေးဟောင်းသုတေသန ဦးစီးဌာနကအသေးစားပြုပြင်မှုများနှင့်နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေပြီး၂၀၁၆ခုနှစ် မတ်၂၃ရက်နေ့ကစပြီး အကြီးစား ပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းများလုပ်ဆောင်နေခြင်း ဖြစ်ပါသည်။

## မြန်မာ့သစ်လုပ်ငန်း ဆင်များအား အနားပေးပြီး အခြားလုပ်ငန်းများတွင် ပြန်လည် အသုံးပြုမည်

၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကစ၍ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊မြန်မာ့သစ်လုပ်ငန်းကဆင်များကိုအနားပေးထားပြီးတစ်ခြားလုပ်ငန်းများတွင် ပြန်အသုံးပြုသွားမည်ဟု သိရပါသည်။ ၂၀၁၆/၁၇ ဘဏ္ဍာနှစ်တွင် သစ်တောပြန်းတီးမှု လျော့ချသည့်အနေဖြင့် ဆင်များကို အနားပေးထားခြင်းဖြစ်ပြီးဆင်များကို တစ်ခြားအလုပ်ပြောင်း၍လုပ်ခိုင်းသွားမည်ဖြစ်သည်။

သစ်(လုံး၀)မထုတ်တော့လျှင်ဆင်များနှင့်ပတ်သက်၍အလောင်းတော်ကဿပကဲ့သို့ ခရီးသွားလုပ်ငန်းများမှာ အသုံးပြုခြင်းမျိုးနှင့် ပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်သည်ဟု သိရပါသည်။

မြန်မာသစ်လုပ်ငန်းက အသက် (၁၈) နှစ် အထက်ရှိသည့်ဆင်များသည် တစ်နှစ်လျှင် သစ်တန်ချိန် ၂၀၀ ခန့်ထုတ်လုပ်နေကြသည်ဟုလည်း သိရပါသည်။မြန်မာ့သစ်လုပ်ငန်းက အနားယူခိုင်းမည့် ဆင်များအတွက် ဆင်အိုရုံကို kpoul International အဖွဲ့အစည်းနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီးတွင် လုပ်ဆောင်သွားရန် ရှိသည်ဟုလည်း သိရပါသည်။

## သူနာပြု-သားဖွားနှင့် ဘက်စုံသားဖွားဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာတင်ရမည့်နောက်ဆုံးရက် ထပ်မံတိုးမြှင့်

သူနာပြု-သားဖွား ဒီပလိုမာ သင်တန်း(၃)နှစ် သင်တန်းနှင့်(၂)နှစ် သင်တန်းဝင်ခွင့်လျှောက်လွှာတင်ရမည့် ရက်ကို ထပ်မံတိုးမြှင့်လိုက်သည်ဟု တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦး စီးဌာန၊ တိုင်းဒေသကြီးသူနာပြုဌာနမှသိရပါသည်။

ထိုသူနာပြုကျောင်းများကို ၂၀၁၆-၁၇ ပညာသင်နှစ်အတွက်၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နှင့် ၂၀၁၇ ခုနှစ် မေလ ၁၅ ရက်တို့တွင်စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုမှ၍ လျှောက်လွှာများကိုခေါ်ယူနေခြင်းဖြစ်ပါသည်။

ပထမက ဇူလိုင်လ ၄ရက်ကို နောက်ဆုံးသတ်မှတ်ထားသော်လည်း နယ်ဝေးမှလာသောသူများအတွက် အဆင်ပြေနိုင်အောင် ၂၂ ရက်နေ့အထိ တိုးမြှင့်လိုက်ခြင်းဖြစ်သည်ဟုတနင်္သာရီတိုင်းဒေသကြီးသူနာပြုဌာနမှဦးစီးအရာရှိဒေါ်သက်သက်ကြူကဆိုသည်။

ထိုသင်တန်းကို လူဦးရေအကန့်သတ်မရှိ လျှောက်ထားနိုင်ပြီးလျှောက်လွှာများကို တိုင်းဒေသကြီး၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတွင် ဝယ်ယူနိုင်မည် ဖြစ်ပါသည်။





## ၂၀၁၆ ခုနှစ် ဖွန်လအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးကျူး ဂုဏ်ပြု ထိုက်သူ ထူးချွန်လူငယ်အဖြစ် မနော်ဒါးရူကို ရွေးချယ်

၂၀၁၆ ခုနှစ် ဖွန်လအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးကျူး ဂုဏ်ပြုထိုက်သူ ထူးချွန်လူငယ်အဖြစ် လက်နှစ်ဖက်မရှိသော်လည်း တက္ကသိုလ် ဝင်တန်းအောင်မြင် အောင်ဖြေဆိုနိုင်ခဲ့သည့် မနော်ဒါးရူကို ရွေးချယ်ထားသည်ဟု သိရပါသည်။

မနော်ဒါးရူးဟာ မွေးရာပါ လက်နှစ်ဖက်မပါသည့် မသန်စွမ်းတစ်ယောက်ဖြစ်ပြီး ၂၀၁၃-၁၄၊ ၁၄-၁၅ ပညာရေးနှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့သော်လည်းကျရှုံးခဲ့ပြီး ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ဖြေဆိုသောအခါ အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ သူမသည် မွေးရာပါမသန်စွမ်းဖြစ်သော်လည်း ခြေထောက်နှင့် စာရေးနိုင်အောင် ကြိုးစားခဲ့ကာ စာမေးပွဲဝင်ဖြေခဲ့ခြင်းဖြစ်ပါသည်။ (မြစ်မခ)

## ကျောင်းပြင်ပပညာရေးနှင့်တစ်သက်တာပညာရေးဦးစီးဌာအသစ် တစ်ခုကို ဇူလိုင်လလယ်ပိုင်းတွင် ဖွဲ့စည်းသွားမည်

ပညာရေးဝန်ကြီးဌာနမှ ကျောင်းပြင်ပ ပညာရေးနှင့် တစ်သက်တာပညာရေး ဦးစီးဌာန အသစ်တစ်ခုကို ဇူလိုင်လလယ်ပိုင်းတွင် ဖွဲ့စည်းသွားမည်ဟုဆိုပါသည်။ နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ဇူလိုင်လ ၆ ရက်ကပြုလုပ်သည့်Alternative Education Forum တွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောခဲ့ခြင်း ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်နိုင်ခြင်းမရှိသည့်သူများ ကျောင်းထွက်သွားရသည့်သူများအတွက် ပညာရေးအစီစဉ်တစ်ခုကို အကောင်ထည်ဖော်ပေးရန် လိုသောကြောင့် လုပ်ပေးရခြင်းဖြစ်သည်ဟု ဆိုပါသည်။ ထိုပညာရေးစနစ်တွင် အသက်အပိုင်းခြားနှင့် ပညာသင်ယူနိုင်သည့်အရွယ်မှစ၍ အကျုံးဝင်ကာ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူ ပညာရေးနှစ်မျိုးလုံးအကျုံးဝင်မည် ဖြစ်သည်။

သက်ကြီးစာတတ်မြောက်ရေးအစီအစဉ်၊ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ စဉ်ဆက် ပညာရေးအစီအစဉ်၊ ဝင်ငွေတိုးပွားရေးနှင့် သက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်၊ ကျောင်းပြင်ပရောက်ကလေးများအတွက် ပညာရေးအစီအစဉ်တို့အပါအဝင်အခြားအစီစဉ်များပါ ထိုဦးစီးဌာနက လုပ်ဆောင်သွားမည်ဟုသိရပါသည်။ (မြစ်မခ)

## ပြည်တွင်းသို့ တရားမဝင် ဆေးနှင့် ဆေးဝါးပစ္စည်းများ ဝင်ရောက်နေမှု ပပျောက်ရန် ကြိုးစားမည်

ပြည်ပနိုင်ငံများက ပြည်တွင်းသို့ ဆေးနှင့်ဆေးဝါးပစ္စည်းများ တရားမဝင်တင်သွင်းမှုပပျောက်ရန်ကြိုးစားသွားမည်ဟု မြန်မာနိုင်ငံဆေး၊ ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက သိရပါသည်။ထို့ကြောင့် ပြည်တွင်း၌ ရောင်းချနေသည့်မှတ်ပုံမတင်ထားသည့်စပ်ဆေးဆိုင်များကိုလည်း ပစ္စည်းသိမ်းဆည်း ဖျက်စီးသည့်အပြင် လူများကိုလည်း အရေးယူ ဆောင်ရွက်သွားရန်ရှိသည်ဟု သိရပါသည်။ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ရန်ကုန်ရုံးခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်စောလှက ၎င်းကိစ္စနှင့်ပတ်သက်၍ ယခုကဲ့သို့ပြောပါသည်။ ယခုအချိန်မှာ အကိုက်အခဲပျောက်ဆေး သွေးတိုးရောဂါနှင့် နလုံးရောဂါပျောက်ဆေးများကို တရားမဝင်အများအပြား တင်သွင်းနေပြီး ပြည်သူ့ကျန်းမာရေးလိုအပ်ချက်များကြောင့် ပြည်ပနိုင်ငံများကနေ ဆေးနှင့်ဆေးပစ္စည်းများကို (၉၀)ရာခိုင်နှုန်းခန့်တင်သွင်းနေရသည်ဟု သိရပါသည်။မြန်မာနိုင်ငံတွင်ဆေးနှင့် ဆေးပစ္စည်းများ ထုတ်လုပ်သည့်အခါ နိုင်ငံတော်ပိုင်ဆေးဝါးစက်ရုံ(၅)ရုံနှင့် ပုဂ္ဂလိကစက်ရုံ (၁)ရုံရှိနေသည်ဟု သိရပါသည်။ (မြစ်မခ)

## အပြုံးပန်းဖြင့် ခရစ်တော်၌ အိပ်ပျော်

ကာမဲယ်လိုက် သီလရှင်ဂိုဏ်းမှ သီလရှင် စီစီးလျားမာရီးယားသည် အပြုံးပန်းအပြည့်နဲ့ ဇွန်လ ၂၂ ရက်နေ့တွင် ပျံလွန်သွားခဲ့သည်။ ကင်ဆာရောဂါကြောင့် ပြင်းထန်သည့် ဝေဒနာကို ကာလအတန်ကြာ အပြုံးမပျက်ခုခံ ခံစားကာ ကောင်းကင်နိုင်ငံသို့ ခရီးနှင်သွားခဲ့သည်။ ထိုသတင်းကြောင့်အခက်အခဲများနှင့် ရင်ဆိုင်ရသည့်အချိန်၊ ဒုက္ခဝေဒနာဒဏ်ခံပြီး အသက်စွန့်သည်အထိ လူသားများကိုချစ်ကာ ရှင်ပြန်ထမြောက်သည့် သခင်ခရစ်တော်ကို အတုယူလိုက်ကျင့်ရန် ဖြစ်ပါသည်။ ပြင်းထန်သည့် ရောဂါဝေဒနာကို နောက်ဆုံးအချိန်အထိ အပြုံးမပျက် ရင်ဆိုင်ခဲ့သည့် သီလရှင်ကို အံ့သြချီးမွမ်းမဆုံးဖြစ်ရသည်။ များသောအားဖြင့် သေခြင်းအကြောင်း ကြားလျှင် ကြောက်လန့်စရာတစ်ခုဟု ထင်တတ်ကြသည့် ကျွန်ုပ်တို့အားလုံးအတွက် အတုယူထိုက်သည့် သီလရှင်တစ်ပါး ဖြစ်ပါသည်။ သူမသည် အဘယ်ကြောင့် သေရမည်ကို မကြောက်ခဲ့သနည်း၊ အဘယ်ကြောင့် အပြုံးနေနိုင်သနည်း။ သေချာသောအဖြေမှာ လူတိုင်းတွေ့ကြုံရမည့် သေခြင်းတရားသည် သေခြင်းကိုအောင်နိုင်ပြီး ထာဝရအသက်ပေးပိုင်သည့် သခင်ခရစ်တော်ကို ယုံကြည်သူများအတွက် တခဏတာဘဝမှ ထာဝရ ကောင်းကင်နိုင်ငံဆီသို့ အကူးအပြောင်းကာလ တစ်ခုသာ ဖြစ်ပါသည်။ သူမနောက်ဆုံးရေးထားခဲ့တဲ့ အမှာစကားကတော့ သူမရဲ့ ဈာပနအခမ်းအနားမှာ ဆုတောင်းပါဝင်ကြဖို့ ဖြစ်တယ်။ Ref: FB စာမျက်နှာ



## ဝမ်းနည်းကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဌ နှင့် ကလေးသာသနာ၏ သိုးထိန်း ဆရာတော်ကြီး Felix Lian Khen Thang ၏ ဖခင် IGNATIUS PU Laang Gin Suan လန်ဂင်ဆွမ်း၊ အသက် ၈၄ သည် (၂ ရက်၊ ဇူလိုင်လ ၂၀၁၆ နေ့ ၊ နံနက် ၁း၃၀ နာရီ)တွင် ရန်ကုန်၌ အဖခမည်းတော်၏အိမ်တော်သို့ပြန်သွားခဲ့ပါသည်။ ကျန်ရစ်သော ခန္ဓာကိုယ်ကို ရေဝေးသုသာန် ၌ ၄၊၇၊၂၀၁၆ တနင်္လာနေ့ မွန်းလွဲ ၁ နာရီအချိန်တွင်မစ္ဆားဝတ်ပြုကိုးကွယ်ခြင်းနှင့်အတူ ပြုလုပ်ခဲ့ပါသည်။ ဈာပနအခမ်းအနားကို ဆရာတော် Felix Lian Khen Thang ကိုယ်တိုင်ဦးဆောင်ကာ ဟားခါးကက်သလစ်ဆရာတော် လူးချီးအူစ်နှင့်ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်ဂျွန်မန်းဆိန်းဟို တို့နှင့်အတူ ရဟန်းတော်အပါး(၂၀)တို့ခြံရံလျက် ဘာသာတူညီအစ်ကိုမောင်နှမများ၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ပါစတာများက ဦး Ignatitus PU Laang Gin Suan လန်ဂင်ဆွမ်း၏ ဝိညာဉ်အတွက် ဘုရားသခင်ထံတော်သို့ မစ္ဆားတရားတော်တွင် အတူတကွပါဝင်ဆုတောင်းပေးခဲ့ကြသည်။

ဦး Ignatitus PU Laang Gin Suan လန်ဂင်ဆွမ်း ကွယ်လွန်ခြင်းအတွက် ဆရာတော်ကြီး Felix Lian Khen Thang နှင့် ဆွေမျိုးသားချင်းအားလုံးနှင့်အတူ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်အနေနှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးရုံးအနေနှင့်သော်လည်း ထပ်တူထပ်မျှဝမ်းနည်းပါကြောင်း၊ ဖခင်ကြီး Ignatitus PU Laang Gin Suan ဝိညာဉ်သည် အဖခမည်းတော်၏အိမ်တော်တွင် သူတော်သူမြတ်တို့၏ အပေါင်းအသင်း၌ ပါဝင်၍ ထာဝရသုခချမ်းသာကို ငြိမ်ဝပ်စွာခံစားရပါစေကြောင်း ဆုတောင်းပေးနေကြပါသည်။ CBCM-OSC







ဆုတောင်းပြည့်လုဒ်မယ်တော်သခင်မကျောင်းတော်ကြီး

ညောင်လေးပင်မြို့။

လစဉ် တစ်ရက်တာ ဝတ်စောင့်ခြင်းကို ညောင်လေးပင်မြို့၊
ဆုတောင်းပြည့် လုဒ်မယ်တော် သခင်မကျောင်းတော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့်
ကက်သလစ် ဘာသာသူများအားပါဝင်နိုင်ရန်အတွက် လှိုက်လှိုက်လှဲလှဲဖိတ်ကြားအပ်ပါသည်။

......စာ(၁၆)

YCWA ကက်သလစ်လုပ်သားလူငယ်......စာ(၁၂)

# အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဆု ဆွတ်ခူးခြင်း




အီတလီနှင့်အမေရိကန်တွင် ခရစ်ယာန်ဆိုင်ရာ အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဆုဆွတ် ခူးခဲ့သည့် ကချင်ဘုန်းတော်ကြီး ဖာသာရဲ Galang La Raw သည် ၂၀၁၆ အတွက် ကက်သလစ်အသင်းတော်မှ ပြဋ္ဌာန်းသောYear of Mercy သနားကြင်နာခြင်းနှစ်အတွက်"The Confession" အပြစ်ဖြေခြင်း အာပတ်ဖြေခြင်း စက္ကရမင်တူးဆိုင်ရာ ရုပ်ရှင် ဇာတ်လမ်းတိုကို ရိုက်ကူးပြီးနောက်လက်ရှိအချိန်၌ အီတလီနိုင်ငံမြို့တော် ရောမမြို့တွင်ကျင်းပသည့် Mirabile Dictu - International Catholic Film Festival အမည်ရ နိုင်ငံတကာ ကက်သလစ်ရုပ်ရှင်ပွဲတော်တွင် "The Best short Film Award" "ဇာတ်လမ်းတို အကောင်းဆုံးဆု"ကို ရရှိဆွတ်ခူးခဲ့သည့်အပြင် အမေရိကန်နိုင်ငံ Accolade Global Film Competition Accolade ကမ္ဘာ့ရုပ်ရှင်ပြိုင်ပွဲတွင်လည်း Category of Christian (Student) ခရစ်ယာန် (ကျောင်းသား) ရုပ်ရှင်အမျိုးအစားမှာ "The Award of Excellence" အကောင်းဆုံးဆု ရရှိခဲ့ပါသည်။



Formatorsများတွေ့ဆုံ......စာ(၁၄)



ဘားအံသာသနာလုံးဆိုင်ရာ......စာ(၁၂)



ရဟန်းဝါတော်(၂၅)နှစ်ပြည့်......စာ(၁၄)



ဆက်ကပ်လူငယ်များ၏......စာ(၁၄)



